# အံတုရဲသော

# သတ္တိ





မြန်မာနိုင်ငံမှ လူ့အခွင့်အရေး ကာကွယ်
စောင့်ရှောက်သူ အမျိုးသမီးများ

အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ ထုတ်ဝေဖြန့်ချိသည်။

၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ

# အံ့တုရဲသော သတ္တိ

## မြန်မာနိုင်ငံမှ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူ အမျိုးသမီးများ

အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ ထုတ်ဝေဖြန့်ချိသည်။
၂၀၀၈ ခုနှစ်၊ နိုဝင်ဘာလ

*မှတ်ချက် ။ ။ အင်္ဂလိပ်ဘာသာဖြင့် ၂၀၀၇ ခုနှစ် နိုဝင်ဘာလတွင် ထုတ်ဝေခဲ့သည်။*

## အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် မြန်မာနိုင်ငံမှ သမိုင်းကြောင်းနောက်ခံကွဲပြားသည့် တိုင်းရင်းသား အမျိုးသမီးအဖွဲ့အစည်း အသီးသီးဖြင့် စုပေါင်းဖွဲ့စည်းထားသော ပထမဦးဆုံးအဖွဲ့ကြီးဖြစ်သည်။ အဖွဲ့ချုပ်တွင် မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့မှ နယ်စပ်ဒေသများရှိ အမျိုးသမီးအဖွဲ့အစည်း (၁၂) ဖွဲ့ပါဝင်ပြီး ၁၉၉၉ ခုနှစ် ဒီဇင်ဘာ (၉) ရက်နေ့တွင် တည်ထောင်ဖွဲ့စည်းခဲ့သည်။

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)သည် အမျိုးသမီးများ၏ ဘဝအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးနှင့် အရည်အချင်း ပြည့်ဝစေရေးအတွက်သာမက အရည်အချင်းမြှင့်တင်ခြင်း၊ စည်းရုံးချဉ်းကပ်ခြင်း၊ သုတေသနပြုခြင်းနှင့် မှတ်တမ်းတင်ခြင်းများမှတဆင့် ဒီမိုကရေစီလှုပ်ရှားမှု၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအပါအဝင် ကဏ္ဍအားလုံးတွင် အမျိုးသမီးများ ပိုမိုပါဝင်လုပ်ကိုင်လာစေရေးအတွက် လှုပ်ရှားဆောင်ရွက်နေသည့် အဖွဲ့အစည်းဖြစ်သည်။

### ရည်ရွယ်ချက်များ

- အမျိုးသမီးများ စွမ်းရည်မြင့်မားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး
- ကျား၊ မ တန်းတူရေး
- အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံမှုအားလုံး ပပျောက်ရေး
- လူမှုကဏ္ဍအသီးသီးနှင့် ဆုံးဖြတ်ချင်ချသည့် အဆင့်တိုင်းတွင် အမျိုးသမီးများ ပိုမိုပါဝင်လာရေး
- ငြိမ်းချမ်းရေး၊ ပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီရေး

အတူတကွ ပူးပေါင်းဆောင်ရွက်ကြခြင်း၊ မတူကွဲပြားသော အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်လာစေရန် တိုက်တွန်းပေးခြင်းအားဖြင့် အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) က မြန်မာနိုင်ငံရှိ တိုင်းရင်းသား အမျိုးသမီး အဖွဲ့အစည်းများအကြား ယုံကြည်မှုများ၊ ချစ်ကြည်ရင်းနှီးမှုများ၊ အပြန်အလှန် နားလည်မှုများ တည်ဆောက်လာနိုင်လိမ့်မည်ဟု မျှော်လင့်ထားပါသည်။ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏ အဖွဲ့ဝင် (၁၂) ဖွဲ့စာရင်းကို စာအုပ်နောက်ကျောဖုံးတွင် ဖော်ပြထားပါသည်။

Women’s League of Burma (WLB)
G.P.O. Box 413
Chiang Mai 50000 Thailand
Email: wlb@womenofburma.org
Website: www.womenofburma.org

မာတိကာ　　　　　　　　　　　　　　　　　　　　　　　　　　　　　　　　　　　　　စာမျက်နှာ


ကျေးဇူးစကား

နောက်ခံသမိုင်း ၁

မြန်မာနိုင်ငံမှ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူ အမျိုးသမီးများအပေါ် အခွင့်အရေး ကျူးလွန် ချိုးဖောက်ခြင်းအတွက် မကြာသေးမီ ကာလကရရှိခဲ့သော အထောက်အထားများ ၄

နိဂုံး ၉

**နောက်ဆက်တွဲ (၁)** လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူ အမျိုးသမီးများ၏ ကိုယ်ရေးဆိုင်ရာ အချက်များ ၁၂

**နောက်ဆက်တွဲ (၂)** သက်သေထွက်ချက်များ ၂၆

**နောက်ဆက်တွဲ (၃)** ဖမ်းဆီးထိန်းသိမ်းခံရသူ အမျိုးသမီးများစာရင်း ၃၂

**ကျေးဇူးစကား**

အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) အနေဖြင့် ဤအစီရင်ခံစာ ဖြစ်မြောက်ရေးအတွက် မအားမလပ်နှင့် ရှုပ်ထွေးများမြောင်လှသော လုပ်ငန်းများကြားမှ အချိန်လု၍ ဝိုင်းဝန်းကူညီပံ့ပိုးပေးခဲ့ကြသည့် လုပ်ဖော်ကိုင်ဖက်များအားလည်းကောင်း၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူ အမျိုးသမီးများဆိုသည့် အခြေခံသဘောတရားဖွင့်ဆိုချက်များ၊ ဥပဒေကြောင်းဆိုင်ရာ အကဲဖြတ်သုံးသပ်ချက်များ တိကျစေရန် နည်းပညာ ဆိုင်ရာအရ ကူညီပံ့ပိုးပေးခဲ့ကြသော မိတ်ဆွေများကို အထူး ကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုပါသည်။ ထို့အပြင် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးကွန်ယက်အဖွဲ့များ (International Women's Networks) အားလည်း ၎င်းတို့၏ စဉ်ဆက်မပြတ် ပံ့ပိုးကူညီမှုများအတွက် ကျေးဇူးအထူးတင်ရှိကြောင်း ဖော်ပြအပ် ပါသည်။

# **အံတုရဲသော သတ္တိ**။ မြန်မာနိုင်ငံမှ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူ အမျိုးသမီးများ

## နောက်ခံသမိုင်း

## မြန်မာနိုင်ငံတွင် နိုင်ငံတော်က ဦးစီးကျူးလွန်နေသည့် အကြမ်းဖက်မှု

မြန်မာနိုင်ငံကို ၁၉၆၂ ခုနှစ်မှ စတင်၍ အဆက်ဆက်သော စစ်အစိုးရများက အုပ်ချုပ်ခဲ့ကြပြီး စစ်တပ်က ပြည်သူများ၏ နေထိုင်မှုဘဝ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးကဏ္ဍပေါင်းစုံကို ချုပ်ကိုင်ထိန်းချုပ်ထားပါသည်။

နိုင်ငံတော်တည်ငြိမ်ရေးနှင့် အမျိုးသားလုံခြုံရေးဟူသော အကြောင်းပြချက်အောက်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမည်ရှိ မြန်မာစစ်အစိုးရက စစ်တပ်အင်အားကို အဆမတန်တိုးချဲ့ခဲ့ပြီး သန်းတစ်ဝက်နီးပါးအထိ၊ အရှေ့တောင်အာရှဒေသတွင် အကြီးမားဆုံးသော စစ်တပ်တခုအဖြစ် အင်အားကြီး ထွားလာခဲ့ပါသည်။ မြန်မာစစ်အစိုးရက ၎င်း၏ လက်နက်ကိုင်တပ်ဖွဲ့များ ဖြစ်သည့် (စစ်တပ်၊ ရဲ၊ လုံထိန်း၊ ရဲတပ်ရင်း၊ အထူးရဲတပ်ဖွဲ့) စသည်များကို အမှီထား၍ ပြည်သူများကို ဖိနှိပ်နေပါသည်။ ၎င်းအုပ်ချုပ်သူများက လူထုအများ မလိုက်နာ မနေရ ညွှန်ကြားချက်များကို ထုတ်ပြန်၍၊ တည်ဆဲဥပဒေပုဒ်မများကို အသုံးပြုကာ နိုင်ငံကို အဓမ္မလက်နက်အားကိုး အုပ်ချုပ်နေခြင်းအား ဆင်ခြေပေး၍ တရားဝင်သဖွယ်ဖြစ်အောင် အကြောင်းပြဆောင်ရွက်နေပါသည်။ ၎င်းတို့၏ အုပ်ချုပ်မှုအာဏာကို ခြိမ်းခြောက်စိန်ခေါ်လာသူမှန်သမျှကို တိုက်ခိုက်ခြင်း၊ အဓမ္မ ဖမ်းဆီးခြင်း၊ ထိန်းသိမ်းချုပ်နှောင်ခြင်းများကို တရားလက်လွှတ်ဆောင်ရွက်နေကြပါသည်။

စစ်အစိုးရအဆက်ဆက်သည် ၁၉၆၂ ခုနှစ် နိုင်ငံတော်အာဏာကို ရယူလာချိန်မှစ၍ စစ်အုပ်ချုပ်ရေးစနစ်ကို ဆန့်ကျင်လာသည့် ဆန္ဒပြပွဲများကို အကြိမ်ကြိမ်အင်အားသုံး၍ ဖြိုခွဲချေမှုန်းခဲ့ပါသည်။ ဤနည်းဖြင့် တက်ကြွလှုပ်ရှားသူအများစုမှာ အမေးအမြန်းမရှိ ချက်ချင်းပစ်သတ်ခံခဲ့ကြရပါသည်။ ထိုသို့သတ်ဖြတ်ခံကြရသည့်သူများ၏ အလောင်းများကိုလည်း အာဏာပိုင်များက ဖျောက်ဖျက်ခဲ့ကြပါသည်။ ဤသို့ ဖြိုခွဲနှိမ်နင်းမှုများ၏နောက်တွင် လှုပ်ရှားသူများကို လိုက်လံရှာဖွေဖမ်းဆီးခြင်း၊ သတိပေးခြိမ်းခြောက်ခြင်း၊ နောက်ယှက်ဖိနှိပ်ခြင်း၊ မိသားစုဝင်များနှင့် ဆွေမျိုးများကို စစ်ထောက်လှမ်းရေးများနှင့် အထူးရဲများက ခြိမ်းခြောက်ဖိနှိပ်ခြင်းများ ပြုခဲ့ကြပါသည်။ အကယ်၍ တက်ကြွလှုပ်ရှားသူများ ဖမ်းဆီးခံကြရပါကလည်း နှိပ်စက်ညှဉ်းပန်းမှုများ၊ မဟုတ်မမှန်ကန်သော ထွက်ဆိုချက်များဖြင့် "ပြစ်မှုကျူးလွန်ခဲ့ကြောင်း"ကို လက်မှတ်ရေးထိုးပေးရန် အစဉ်သဖြင့် စေခိုင်းခံကြရပါသည်။ အကယ်၍ ငြင်းဆိုကြပါကလည်း တက်ကြွလှုပ်ရှားသူများကို နှစ်ရှည်ထောင်ဒဏ်များ ချမှတ်သည့်အပြင်၊ မည်သည့် အသုံးအဆောင်မျှ မရှိသော ထောင်တွင်းအခန်းကျဉ်းအတွင်း၌ တိုက်ပိတ်ထားခြင်း၊ အခြားကောက်ကျစ်သော နည်းလမ်းအမျိုးမျိုးဖြင့် ညှဉ်းပန်းသတ်ဖြတ်ခြင်းများလည်း ခံကြရပါသည်။ စစ်အစိုးရက အကယ်၍ ဖမ်းဆီးရန်၊ ပြစ်ဒဏ်ချမှတ်ရန် ခိုင်လုံသည့် သက်သေအထောက်အထားများ မရရှိပါကလည်း သက်သေအထောက်အထားအတုများဖြင့် အကွက်ဆင်၍ ဖမ်းဆီးခြင်းများလည်း ရှိပါသည်။ မိသားစုဝင်များကိုလည်း အမြဲတစေ စောင့်ကြည့်နေတတ်ပြီး သူတို့၏ လှုပ်ရှားမှုများကို နည်းမျိုးစုံဖြင့် ကန့်သတ်ပိတ်ဆို့၍ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ၊ ဘဝရပ်တည်နေထိုင်မှုများကို ပျက်စီးစေရန် အဖွဲ့အမျိုးမျိုး၊ ဌာနအမျိုးမျိုးတို့က စနစ်တကျဖျက်ဆီးပစ်ခြင်းများလည်း ပြုကြပါသည်။ အကျဉ်းထောင်များမှ ပြန်လွှတ်ပေးသူများကိုလည်း နောက်နောင် စစ်အစိုးရဆန့်ကျင်ရေးနှင့် ၎င်းတို့၏ အာဏာကို စိန်ခေါ်သည့် လှုပ်ရှားမှုများတွင် မပါဝင်တော့ပါဟူသော ခံဝန်ချက်များကို အဓမ္မလက်မှတ်ရေးထိုးစေပါသည်။ သူတို့၏ လှုပ်ရှားမှုများ၊ ခရီးသွားလာမှုများကိုလည်း စစ်ထောက်လှမ်းရေးများက အနီးကပ်စောင့်ကြည့်နေတတ်ကြပါသည်။

လူမှုအဖွဲ့အစည်းတခုလုံးကိုလည်း စစ်တပ်က လွှမ်းမိုးချုပ်ကိုင်ထားပြီး အဓိကအားဖြင့် ယောကျ်ားသားများကသာ လွှမ်းမိုးထားသည့်စနစ်ပုံသဏ္ဌာန်ဖြစ်နေ၍ ဤအချက်ကို မြန်မာ့လူနေမှုစနစ်အတွင်း လွှမ်းမိုးနေသည့် အဖကြီးစိုးရေးဝါဒက အားဖြည့်ကျားကန်လျက်ရှိပါသည်။ အမျိုးသမီးဖြစ်သည့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ပေးသူများမှာ ဤစနစ်အောက်ဝယ် အဓိကပစ်မှတ်အဖြစ် ဦးတည်ဖိနှိပ်ခံကြရပါသည်။

အထူးသဖြင့် မတည်မငြိမ်ဖြစ်ရသည့် နိုင်ငံရေးလှုပ်ရှားမှုများ ပေါ်ပေါက်သည့် အခြေအနေများတွင် မြန်မာစစ်အစိုးရတပ်ဖွဲ့များ၊ အထူးရဲများ၊ အခြားသော (အဓိကရုန်းနှိမ်နင်းရေး)အစိုးရဌာနများက ပို၍ဖိနှိပ်လေ့ရှိကြပါသည်။

## မြန်မာနိုင်ငံမှ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူ အမျိုးသမီးများအပေါ် နိုင်ငံတော်အစိုးရက အကြမ်းဖက် ကျူးလွန်မှုများ

ကမ္ဘာတလွှားတွင် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများသည် လူ့အခွင့်အရေးများ ကာကွယ် စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးတို့အတွက် တက်ကြွစွာ လှုပ်ရှားဆောင်ရွက်နေကြပါသည်။ ထိုသူများက လူ့အခွင့်အရေး အကန့်အသတ်ဘောင်အတွင်းမှ လှုပ်ရှားနေကြရပြီး လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများကို နိုင်ငံတကာသဘောတူညီချက်များ၊ စာချုပ်စာတမ်းများအား ကိုးကားအခြေပြု၍ ဖွင့်ချဖော်ထုတ်ကြပါသည်။ နိုင်ငံတော် အစိုးရများကိုလည်း ၎င်းတို့ကျူးလွန်ဆောင်ရွက်ခဲ့မှုများအပေါ် တာဝန်ခံရန် တောင်းဆိုကြပါသည်။ နိုင်ငံတော် အစိုးရများ၏ ကျူးလွန်ကြသည့် အမှုအခင်းများကို ဖော်ထုတ်ကြသည့် အားလျော်စွာ ရံဖန်ရံခါ ၎င်းတို့ကိုယ်တိုင်ကပင် အကြမ်းဖက်မှုများ၏ ပစ်မှတ်အဖြစ် ပြန်လည်သတ်မှတ်ဖိနှိပ်ခံကြရပါသည်။

လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူ အမျိုးသမီးများ **(WHRDs)** မှာ အချို့သော အကြမ်းဖက်မှုများ၊ ကန့်သတ်ချုပ်ချယ်မှုများခံရနိုင်ရန်အတွက် ပို၍အန္တရာယ်များပြီး၊ လူအချို့၏ မလိုမုန်းထားသည့် အစွဲများ၊ ဖယ်ကြဉ်ထားခံရမှုများ၊ အဓမ္မဖမ်းဆီးချုပ်နှောင်ခံရမှုများ၊ မုဒိမ်းကျင့်ခံရမှု၊ လိင်မှုဆိုင်ရာအရ စော်ကားခံရခြင်း၊ လူအများရှေ့မှောက်၌ သိက္ခာကျအရှက်ရစေရန် ဆောင်ရွက်ခံရခြင်း၊ သူတို့၏ မိသားစုဝင်များကို အကြမ်းဖက်မည်၊ သတ်ဖြတ်ပစ်မည်ဟု ခြိမ်းခြောက်ခြင်းများကို ခံကြရပါသည်။

မြန်မာနိုင်ငံမှ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူ အမျိုးသမီးများမှာ အထူးသဖြင့် ပစ်မှတ်ထားဖိနှိပ်တိုက်ခိုက်ခြင်းခံကြရပါသည်။ အခြားသော လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများကဲ့သို့ပင် ၁၉၆၂ ခုနှစ်မှ စတင်၍ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူ အမျိုးသမီးများသည်လည်း စစ်အစိုးရက လူ့အခွင့်အရေးများအပေါ် လေးစားလိုက်နာလာစေရန် တောင်းဆိုမှု၊ လူအများ၏ ဆန္ဒဖြစ်သည့် လွတ်လပ်ခွင့်၊ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီအခွင့်အရေးများကို လက်ခံလိုက်နာရန် တောင်းဆိုခဲ့မှုကြောင့် အဓမ္မ ဖမ်းဆီးခံရခြင်း၊ ထိန်းသိမ်းခံရခြင်း၊ နှိပ်စက်ညှဉ်းပန်းခံရခြင်းများ ကြုံခဲ့ကြရပါသည်။ ၁၉၈၈ ခုနှစ် နိုင်ငံနှင့်အဝှမ်း ဆန္ဒပြပွဲများတွင် ငယ်ရွယ်သူ အမျိုးသမီးများမှာ လုံခြုံရေးထိန်းသိမ်းမှု (လုံထိန်း) ရဲတပ်ဖွဲ့ဝင်များက ထိန်းသိမ်းထားစဉ်ကာလအတွင်း လိင်ပိုင်းဆိုင်ရာအရ စော်ကားခံရမှုများရှိခဲ့ကြောင်း ခိုင်လုံသည့် အထောက်အထား၊ မှတ်တမ်းများ ရှိခဲ့ပါသည်။

လူအများသိကြသည့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးအတွက် တောင်းဆိုနေသူ၊ ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်မှာ သူမ၏ နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ၊ မြန်မာနိုင်ငံ လူထုတရပ်လုံးအတွက် ဒီမိုကရေစီ အခြေခံအခွင့်အရေးများကို ကာကွယ်ခုခံရေးအတွက် ဆက်လက်ကြိုးပမ်းနေသောကြောင့်၊ စစ်အစိုးရက အဓမ္မနေအိမ်အကျယ်ချုပ်ချထားခဲ့သည်မှာ ကာလကြာရှည်ရှိခဲ့ပြီဖြစ်သည်။ ၁၉၈၉ ခုနှစ်မှဆိုလျှင် ဒေါ်အောင်ဆန်းစုကြည်သည် ၎င်း၏ ဒီမိုကရေစီ လိုလားသည့် ယုံကြည်ချက်အတွက် ထိန်းသိမ်းခံခဲ့ရသည်မှာ ၁၂ နှစ်ကျော်ကြာခဲ့ပြီ ဖြစ်ပါသည်။

ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံရေးတွင် ဆက်လက်၍ ပါဝင်ပတ်သက်မှုကြောင့် ၂၀၀၃ ခုနှစ်၊ မေလ ၃၀ ရက်နေ့တွင် ဒီပဲယင်း၌ စစ်အစိုးရ ကျောထောက်နောက်ခံပြုထားသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း (ကြံ့ဖွံ့)အဖွဲ့ဝင်များ၏ တိုက်ခိုက်ခြင်းခံခဲ့ရပါသည်။ ထိုအချိန်မှစ၍ ယခုကာလတိုင် ၁၉၇၅ ခုနှစ် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများထံမှ ကာကွယ်ရေးဥပဒေဖြင့် စစ်အစိုးရက ထိန်းသိမ်းချုပ်နှောင်ထားခြင်းခံနေရပါသည်။

## ၂၀၀၇ ခုနှစ် ဩဂုတ်၊ စက်တင်ဘာလ ချေမှုန်းနှိမ်နင်းမှုများ [၁]

၂၀၀၇ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့တွင် "*၈၈ မျိုးဆက်ကျောင်းသားများ အင်အားစု*" အဖွဲ့ဝင်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်များ၊ အမျိုးသမီးနိုင်ငံရေးတက်ကြွလှုပ်ရှားသူများ ဦးဆောင်၍ လူအင်အား (၄၀၀) ခန့်သည် ရန်ကုန်မြို့တွင် စစ်အစိုးရက ရုတ်ချည်း ဓါတ်ဆီဈေးများ မြှင့်တင်ခဲ့ခြင်းကို ကန့်ကွက်၍ ချီတက်လမ်းလျှောက်ဆန္ဒပြခဲ့ကြပါသည်။ ဤသို့ လောင်စာဆီဈေးများ တက်လိုက်ခြင်းကြောင့် သယ်ယူပို့ဆောင်ရေးစရိတ်များနှင့် လူသုံးကုန်ပစ္စည်းများလည်း ဈေးတက်သွားခဲ့ရပါသည်။ စစ်အစိုးရက *မင်းကိုနိုင်* အပါအဝင် နာမည်ကြီးဦးဆောင်လှုပ်ရှားသူ (၁၃) ဦးကို ဖမ်းဆီးလိုက်ပါသည်။ ထိုဆန္ဒပြပွဲမှတဆင့် နိုင်ငံအနှံ့အပြားပြောက်ကျားဆန္ဒပြပွဲငယ်များ တမုဟုတ်ချင်းပျံ့နှံ့သွားခဲ့ပါသည်။

စက်တင်ဘာလဆန်းပိုင်းတွင် ဗုဒ္ဓဘာသာရဟန်းသံဃာများကလည်း ဆန္ဒပြပွဲများတွင် အင်အားဖြင့် ပါဝင်လာခဲ့ကြပါသည်။ အကြောင်းမှာ မြန်မာနိုင်ငံ အလယ်ပိုင်းရှိ ပခုက္ကူမြို့တွင် ငြိမ်းချမ်းစွာ စုဝေးဆန္ဒပြပွဲများကို စစ်တပ်အင်အားဖြင့် အကြမ်းဖက်ဖြိုခွဲပြီးနောက်မှ သံဃာအများအပြား ပါဝင်လှုပ်ရှားလာကြခြင်း ဖြစ်ပါသည်။ သံဃာများက ပတ္တနိက္ကုဇ္ဇနကံဆောင်၍ စစ်တပ်နှင့် ၎င်းတို့၏ မိသားစုဝင်များမှ လှူဒါန်းသည့် ဆွမ်းနှင့် အလှူပစ္စည်းများလက်ခံရန် ငြင်းပယ်ခဲ့ကြပါသည်။ ထို့အပြင် ၎င်းတို့နှင့် ပတ်သက်သည့် ဘာသာရေး အခမ်းအနားများတွင် ပါဝင်ဆောင်ရွက်ရန်လည်း ငြင်းပယ်ခဲ့ပါသည်။

ရန်ကုန်နှင့် အခြားမြို့များတွင် ဆန္ဒပြပွဲများ နေ့စဉ်ဖြစ်လာခဲ့ပြီး၊ အချိန်ကြာလာသည်နှင့်အမျှ အင်အားကြီးထွားလာခဲ့ပါသည်။ နောက်ဆုံး မြို့ပေါင်း (၆၆) မြို့တိုင် ပျံ့နှံ့ဖြစ်ပွားခဲ့ပါသည်။ အနည်းဆုံး ဆန္ဒပြပွဲကြိမ်ရေ (၂၂၇)ကြိမ် ဆောင်ရွက်နိုင်ခဲ့ကြပါသည်။ ဗုဒ္ဓဘာသာဝင် သီလရှင်များကလည်း ရဟန်းတော်များနှင့်အတူ စက်တင်ဘာလ (၂၃) ရက်နေ့တွင် ပါဝင်လှုပ်ရှားလာကြပါသည်။ နောက်တနေ့တွင် ထောင်နှင့်ချီသောလူထုကြီးက ရန်ကုန်မြို့ရှိ ဆန္ဒပြပွဲများတွင် ပူးပေါင်းပါဝင်လာကြပြီး၊ အဓိကအတိုက်အခံပါတီဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အရေးပါသည့် ခေါင်းဆောင်များလည်း ပါဝင်လာခဲ့ကြပါသည်။ ထိုဆန္ဒပြသူများက လောင်စာဆီဈေးနှုန်းများ ချပေးရန်၊ နိုင်ငံရေးအကျဉ်းသားများ အားလုံးလွှတ်ပေးရန်၊ စစ်မှန်သည့် တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ရန် တောင်းဆိုခဲ့ကြပါသည်။

စစ်အစိုးရက ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် နေဝင်မီးငြိမ်းအမိန့်ထုတ်ပြန်ခဲ့ပြီး၊ စက်တင်ဘာလ (၂၆)ရက်နေ့ စောစောပိုင်းတွင် စစ်သားများနှင့် လုံထိန်းတပ်ဖွဲ့ဝင်များက ရန်ကုန်မြို့ရှိ ဘုန်းတော်ကြီးကျောင်းများကို ဝင်ရောက်စီးနင်းခဲ့ကြပါသည်။

စက်တင်ဘာလ (၂၆) နှင့် (၂၇) နေ့ရက်များတွင် ငြိမ်းချမ်းစွာ ဆန္ဒပြလမ်းလျှောက်နေကြသူများအပေါ် စစ်အစိုးရ၏ ရက်စက်ကြမ်းကြုတ်စွာ ဖြိုခွင်းနှိမ်နင်းပုံကို တကမ္ဘာလုံးက နိုင်ငံတကာ သတင်းမီဒီယာများမှတဆင့် မြင်တွေ့ခဲ့ကြရပြီး အံ့သြထိတ်လန့် တုန်လှုပ်ခဲ့ကြရသည်။ ရဟန်းသံဃာများကိုလည်း ပိတ်ဆို့ဖမ်းဆီး၍ ယာယီထိန်းသိမ်းရေးစခန်းများတွင် ဖမ်းဆီးထိန်းသိမ်းခဲ့ကြသည်။ နောက်ပိုင်းတွင် မြန်မာနိုင်ငံအခြားဒေသများရှိ အကျဉ်းစခန်းများသို့ပို့၍ ထောင်ချခဲ့ကြသည်။ ရဟန်းသံဃာများအပါအဝင် သတ်ဖြတ်ခံခဲ့ရသည့် ဆန္ဒပြသူအရေအတွက်မှာ ရာဂဏန်းခန့်ရှိမည်ဟု ယူဆရသည်။ အနည်းဆုံး သံဃာနှင့် အရပ်သားပြည်သူ ၃၀၀၀ နီးပါးမျှ ဖမ်းဆီးထိန်းသိမ်းခံခဲ့ကြရပြီး၊ နှိပ်စက်ညှဉ်းပမ်းခြင်းလည်း ခံခဲ့ကြရသည်။ ယခု ဖြိုခွဲနှိမ်နင်းမှုအတွင်း ဒဏ်ရာရလာကြသည့်သူများကို ဆေးကုမပေးရန် ဆရာဝန်များသို့ စစ်အစိုးရက ညွှန်ကြားထားကြောင်းလည်း သိရသည်။

ထိုသို့ အကြမ်းဖက်ဖြိုခွဲနှိမ်နင်းချိန်မှစ၍ မြန်မာစစ်အစိုးရက ငြိမ်းချမ်းစွာ ဆန္ဒပြခဲ့ကြသူများကို လိုက်လံရှာဖွေဖမ်းဆီးခဲ့ကြပြီး ၎င်းတို့၏ မိခင်များ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ ကလေးငယ်များကိုလည်း

---

၁ ဘီဘီစီ သတင်းဌာနအပါအဝင် အခြားသော သတင်းအရင်းအမြစ်များမှ စုဆောင်းထားပါသည်။

စောင့်ကြည့်နောက်ယောက်ခံလိုက်နေခဲ့ကြသည်။ ဆန္ဒပြသူများ၊ ထောက်ခံအားပေးသည့်သူများ နေထိုင်သည့် အိမ်များ၊ ဘုန်းတော်ကြီးကျောင်းများကိုလည်း ဝင်ရောက်စီးနင်းခဲ့ကြသည်။

ရန်ကုန်မြို့အရှေ့မြောက်ဖက်တနေရာရှိ သုသာန်တခုတွင် အရေအတွက် အတိအကျမသိရှိရသည့် သေဆုံးသူများ၏ ခန္ဓာကိုယ်များကို စစ်အစိုးရက လျှို့ဝှက်မီးသဂြိုဟ်ခဲ့ကြောင်းလည်း သတင်းများ ထွက်ပေါ် လာခဲ့သည်။ ထိုအချိန်တွင် လုံခြုံရေးအစောင့်အကြပ် တင်းကြပ်စွာဖြင့် ပိတ်ဆို့ထားခဲ့သည်ဟု ဆိုသည်။ အစီရင်ခံစာတခုအရ ဤသို့မီးရှို့ဖျောက်ဖျက်မှုသည် စက်တင်ဘာလ (၂၈)ရက်၊ သောကြာနေ့တွင် စတင်ဖြစ်ပေါ်ခဲ့ပြီး၊ ငြိမ်းချမ်းစွာ ဆန္ဒပြနေသူရဟန်းများနှင့် အရပ်သားပြည်သူများကို စစ်အစိုးရက အကြမ်းဖက်ချေမှုန်းခဲ့ပြီး ရက်အနည်းငယ်အကြာတွင် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ သတင်းများအရ မီးရှို့ဖျောက်ဖျက်ချိန်တွင် အချို့သောသူများမှာ အသက်ရှင်လျက်ရှိဆဲဖြစ်ပြီး၊ ကိုယ်ဝန်ဆောင်မိခင်များလည်း မီးရှို့သတ်ဖြတ်ခံရသည့် အထဲ ပါဝင်သည်ဟု ဆိုကြသည်။[၂]

ယနေ့ထက်ထိတိုင် ငြိမ်းချမ်းစွာ ဆန္ဒပြခဲ့သူများကို စစ်အစိုးရက စီးနင်းဖမ်းဆီးခြင်း၊ နှိပ်စက်ညှဉ်းပမ်းခြင်း၊ သတ်ဖြတ်ခြင်း ဆက်လက်ကျူးလွန်နေဆဲဖြစ်ပြီး ဗုဒ္ဓဘာသာရဟန်းတော်များကိုလည်း အလားတူ ပြုမူကျူးလွန်ခဲ့ကြသည်။ ရဟန်းသံဃာများကို အပြစ်ဖို့သိက္ခာချရန်အတွက် အစိုးရက စနစ်တကျ နာမည်ဖျက်သည့် အစီအစဉ်များ ချမှတ်ဆောင်ရွက်နေပြီး၊ အစိုးရပိုင် သတင်းမီဒီယာများမှတဆင့် ဖော်ပြဝါဒဖြန့်ချီလျက်ရှိသည်။

## မြန်မာနိုင်ငံမှ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူ အမျိုးသမီးများအပေါ် လူ့အခွင့်အရေး ကျူးလွန်ချိုးဖောက်မှုများအတွက် လတ်တလော သက်သေအထောက်အထားများ

ရွှေဝါရောင် တော်လှန်ရေးအပေါ် မကြာသေးမီက ဖြိုခွဲနှိမ်နင်းရာတွင် အနည်းဆုံး အမျိုးသမီး ၁၉ ဦး ပျောက်ဆုံးနေခဲ့ပါသည်။ သီလရှင် ၆ ဦးအပါအဝင် အမျိုးသမီးဆန္ဒပြသူ ၁၃၁ ဦးကို စစ်အစိုးရက ဖမ်းဆီး ထိန်းသိမ်းခဲ့ပါသည်။ (ဤစာရင်းမှာ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအဖွဲ့ (မြန်မာနိုင်ငံ) (AAPP) မှ ပြုစုထားသော ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့ အထိ စာရင်းအရ ဖြစ်ပါသည်။ [၃]) ဩဂုတ်လ အစောပိုင်းဆန္ဒပြပွဲများတွင် အစိုးရအား ကျောထောက်နောက်ခံပေးထားသည့် ကြံ့ဖွံ့အဖွဲ့ဝင်များနှင့် အထူးလုံထိန်းရဲတပ်ဖွဲ့များက အကြမ်းဖက်မှုများ ကျူးလွန်ခဲ့ကြပြီး၊ အမျိုးသမီးဆန္ဒပြသူများအပေါ် လိင်ပိုင်းဆိုင်ရာ မဖွယ်မရာများ ကျူးလွန်စေရန်၊ ထိပါးနှောင့်ယှက်ရန် အာဏာပိုင်များက ခွင့်ပြုခဲ့ပြီး၊ အပြစ်ပေး အရေးယူခံရရန် စိုးရိမ်ဖွယ် အကြောင်းမရှိဘဲ ရန်ကုန်မြို့၏ နေရာအသီးသီးတွင် ၎င်းတို့က ကျူးလွန်ခဲ့ကြပါသည်။

*"မြန်မာ့ ယဉ်ကျေးမှုကတော့ ပျက်စီးသွားပါပြီ၊ စစ်အစိုးရက 'ကြီးသူကို ရိုသေ၊ ငယ်သူကို စာနာ သနား' စသဖြင့် ဆိုရိုးစကား အစဉ်အလာ အားလုံးကို လစ်လျူရှုပစ်ပယ်လိုက်ပါပြီ။ အမှိုက်ပုံးထဲ ထည့်လိုက်ကြပါပြီ။ သူတို့ကိုယ်တိုင်ချမှတ်ထားတဲ့ ဥပဒေကိုလည်း သူတို့စိတ်ကြိုက်ချိုးဖောက်နေကြပါတယ်။ အမျိုးသမီးတွေကို ကာကွယ်စောင့်ရှောက်ပေးရမယ့် နိုင်ငံတော် အစိုးရကိုယ်၌က အမျိုးသမီးတွေကို စော်ကားနေပါတယ်။ ဒီလို ဖြစ်နေတာတွေ မြင်နေရတာ ရင်ကျိုးရသလို၊ ယုံကြည်ဖို့လည်း ခက်ပါတယ်။ "* မဖြူဖြူ၊ အမျိုးသမီး ဆန္ဒပြသူတဦး [၄]

---

၂ http://www.timesonline.co.uk/tol/news/world/asia/article2604151.ece

၃ နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေး အဖွဲ့ (မြန်မာနိုင်ငံ) နှင့် ပတ်သက်သည့် သတင်းအချက်အလက်များ၊ နိုင်ငံရေး အကျဉ်းသားများနှင့် ဖမ်းဆီးထိန်းသိမ်းခံနေရသူများ၏ နောက်ဆုံး အခြေအနေသတင်း သိရှိလိုပါက ဤအဖွဲ့၏ အင်တာနက် စာမျက်နှာ (www.aappb.org) တွင် ဖတ်ရှု နိုင်ပါသည်။

၄ Source: http://rfuanplugged.wordpress.com/2007/08/30/women-take-a-high-profile-as-burma-protests-continue/

သတင်းဖော်ပြချက်များအရ ငြိမ်းချမ်းစွာ လမ်းလျှောက်ဆန္ဒပြကြသူ အမျိုးသမီးများကို မကြာသေးမီက ဖြစ်ပျက်ခဲ့သည့် ရန်ကုန်ဆန္ဒပြပွဲများအတွင်း အကြမ်းဖက်ချေမှုန်းမှုများတွင် ထိုးကြိတ်ခြင်း၊ ရိုက်နှက်ခြင်း၊ ပါးရိုက်ခြင်းများ ကျူးလွန်ခဲ့ကြကြောင်း သိရှိရပါသည်။

*"အခြေအနေကတော့ ရှုန်းရင်းဆန်ခတ်ပဲ၊ သူတို့က ကျမတို့ကို ရှေ့ကနေတွန်းကြတော့ ကျမတို့လူတွေက နောက်ကနေ ပြန်တွန်းကြတယ်၊ သူတို့က ကျမတို့ကို ဖမ်းဖို့လုပ်ကြတော့ လက်တွေကိုလည်း အကြမ်းပတမ်း ဆွဲတယ်။ သူတို့ ကျမလည်ပင်းကိုလည်း ရိုက်တယ်၊ ကျမ ၄–ရက်လောက်ထိတောင် နာနေရတယ်။ "* မနီနီမွန်၊ အမျိုးသမီးဆန္ဒပြသူတဦး [၅]

*"အာဏာပိုင်တွေက ကျမတို့ကို ရှေ့ဆက်မသွားဖို့ တားတာတင် မဟုတ်ဘူး၊ ဆဲလည်း ဆဲတယ်၊ ကျမတို့ထဲက တချို့တွေကိုလည်း ဆွဲပြီး၊ ထရပ်ကားတွေပေါ် ပစ်တင်တယ်။ ကျမတို့က ပလက်ဖောင်းပေါ်မှာ ထိုင်ချလိုက်ပြီး တယောက်လက်တယောက် မြဲမြဲဆုပ်ထားကြတယ်။ ကျမတို့ကို ဆွဲပြီးဖမ်းသွားလို့ မရအောင် လူသားချိန်းကြိုးလို လုပ်ထားတယ်။ "* မယဉ်မာထွန်း၊ အမျိုးသမီး ဆန္ဒပြသူတဦး

**အသက်အန္တရာယ်ဖြစ်စေရန် တိုက်ခိုက်ခြင်း၊ ကိုယ်ခန္ဓာနာကျင်စေရန် တိုက်ခိုက်ခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရမှု ဖြစ်စေရန် ပြုခြင်း၊ အင်အားအလွန်အကျွံ အသုံးပြုခြင်း။**

အမျိုးသမီးများမှာ နှုတ်အားဖြင့် ဆဲရေးတိုင်းထွာခြင်းခံကြရပြီး၊ အဝတ်အစားများ ဆွဲဆုတ်ခံရခြင်း၊ သူတို့၏ ထမီများကို အကြမ်းဖက် စုတ်ပြဲစေခြင်း၊ ရည်ရွယ်ချက်ဖြင့် တမင်သက်သက် ဆွဲချွတ်ခြင်းများကို ခံခဲ့ကြရ ပါသည်။

*"ကျမ ဘယ်နှစ်ကြိမ် အရိုက်ခံရသလဲဆိုတာတောင် မမှတ်မိတော့ပါဘူး။ ကျမကြားနေရတာ တခုက အဲဒီ ခွေးမကိုရိုက်၊ အဲဒီ ခွေးမကိုရိုက်ဆိုပြီးတော့ အရပ်ဝတ်လုံခြုံရေးအရာရှိက အော်နေတာပဲ။ ကျမအင်္ကျီတွေလည်း စုတ်ပြဲသွားတယ်၊ ကျမနာရီလည်း ပြုတ်ထွက်သွားတယ်။ ကျမထီးနဲ့ ဖိနပ်လည်း အဲသည်မှာပဲ ဘယ်ရောက်သွားမှန်း မသိဘူး။ "* မနီမိုလှိုင်၊ အမျိုးသမီး ဆန္ဒပြသူတဦး [၆]

*"စစ်အစိုးရက အမျိုးသမီးတွေရဲ့ အရှက်နဲ့သိက္ခာကို ကာကွယ်ပေးရမယ့်အစား သူတို့ကပဲ အမျိုးသမီးတွေကို စော်ကားပြီး ရာဇဝတ်မှုကျူးလွန်နေကြတယ်။ သူတို့က ကျမတို့ကို နည်းမျိုးစုံနဲ့ ညစ်ညစ်ပတ်ပတ် ဆဲရေးတိုင်းထွာကြတယ်။ "* မဖြူဖြူ၊ အမျိုးသမီး ဆန္ဒပြသူတဦး [၇]

**အဓမ္မ ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်းနှင့် နှိပ်စက်ညှဉ်းပမ်းခြင်း**

ဤသို့ ဖမ်းဆီး ထိန်းသိမ်းခံကြရသူများမှာ ညှဉ်းပမ်းနှိပ်စက်ခြင်းနှင့် လူ့အခွင့်အရေး ချိုးဖောက်ခြင်း ခံကြရပါသည်။

အရေးပါသည့် အမျိုးသမီးတက်ကြွလှုပ်ရှားသူတဦးဖြစ်သည့် မမီးမီး[၈]သည်လည်း ၂ လကျော် ထွက်ပြေးတိမ်းရှောင်နေရသည်။ သူမကို စစ်အစိုးရက ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလတွင် ဖမ်းဆီးမိခဲ့သည်။ ဖမ်းဆီးရမိပြီး ၂၄ နာရီအတွင်းတွင်ပင် သူမကို ဖမ်းဆီးခဲ့သူများက ပြင်းထန်ဆိုးရွားစွာနှိပ်စက်ညှဉ်းပမ်းခံခဲ့ရကြောင်းနှင့် ထောင်ဆေးရုံသို့ ပို့ခဲ့ရကြောင်း သတင်းများ ရရှိခဲ့သည်။

---

၅ သူမ၏ ဖြစ်ရပ်အပြည့်အစုံကို နောက်ဆက်တွဲ 'အမျိုးသမီးများ၏ ကိုယ်ရေးအကျဉ်း' ကဏ္ဍတွင် ဖော်ပြထားပါသည်။
၆ မနီမိုလှိုင်၏ ဖြစ်ရပ်အပြည့်အစုံကို နောက်ဆက်တွဲ (၁) 'အမျိုးသမီးများ၏ ကိုယ်ရေးအကျဉ်း' ကဏ္ဍတွင် ဖော်ပြထားပါသည်။
၇ ဖြစ်ရပ်အပြည့်အစုံကို နောက်ဆက်တွဲ (၁) 'အမျိုးသမီးများ၏ ကိုယ်ရေးအကျဉ်း' ကဏ္ဍတွင် ဖော်ပြထားပါသည်။
၈ မမီးမီး၏ ဖြစ်ရပ်အပြည့်အစုံကို နောက်ဆက်တွဲ (၁) 'အမျိုးသမီးများ၏ ကိုယ်ရေးအကျဉ်း' ကဏ္ဍတွင် ဖော်ပြထားပါသည်။

မကြာသေးမီက ဖမ်းဆီးခံခဲ့ရသည့် ၈၈ မျိုးဆက်ကျောင်းသားများ အင်အားစုမှ ခေါင်းဆောင်တဦး ဖြစ်သူ မမေမီဦးသည်လည်း ၄ လကျော်ရှိသော ကိုယ်ဝန်လွယ်ထားရသူတဦးဖြစ်သည်။ [၉] ကိုယ်ဝန်ဆောင် အမျိုးသမီးတဦးကို ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် နှိပ်စက်ညှဉ်းပမ်းခြင်းတို့ကြောင့် နောက်ဆက်တွဲ ဖြစ်လာမည့် ဆိုးကျိုးများအရ အသက်အန္တရာယ်ကို ခြိမ်းခြောက်လာမည်ကိုလည်း စိုးရိမ်နေရသည်။

စစ်အစိုးရက တက်ကြွလှုပ်ရှားသူများကို နောက်ယောင်ခံလိုက်၍ ဖမ်းဆီးနေခြင်းနှင့် သူတို့၏ နေအိမ်များကို အနီးကပ်စောင့် ကြည့်နေခြင်းကြောင့် မိသားစုများနှင့် အတူနေထိုင်နိုင်ခြင်း မရှိကြပေ။ မိခင်နို့တိုက်ကျွေးနေကြရသော မိခင်များသည်လည်း ကလေးများနှင့် ခွဲခွာနေထိုင်ကြရသောကြောင့် ဤကျူးလွန်မှုများသည် ရုပ်ပိုင်းဆိုင်ရာမျှသာမက၊ စိတ်ပိုင်းဆိုင်ရာ နှိပ်စက်ညှဉ်းပမ်းမှုများလည်းဖြစ်သည်။ ၈၈–မျိုးဆက်ကျောင်းသားများ အင်အားစုမှ ခေါင်းဆောင်တဦးဖြစ်သူ မနီလာသိန်း[၁၀] သည် ယခုအခါတွင် ပုန်းအောင်းတိမ်းရှောင်နေရပြီး၊ ၎င်း၏ နို့စို့အရွယ် ၄ လ ကလေးငယ်နှင့် ခွဲခွါ၍ နေထိုင်နေရသည်။

## မိသားစုဝင်များနှင့် ရပ်ကွက်အတွင်းမှ လူထုများကို ခြိမ်းခြောက်ခြင်း။

ငြိမ်းချမ်းစွာ ဆန္ဒပြတောင်းဆိုပွဲများတွင် ပါဝင်ခဲ့ကြသည့် တက်ကြွလှုပ်ရှားသူများ၏ မိသားစုဝင်များ ဖြစ်ကြသည့် ဇနီးမယားများ၊ မိခင်များ၊ ညီအစ်မများနှင့် အခြားသော ဆွေမျိုးသားချင်းများသည်လည်း ဖမ်းဆီးထိန်းသိမ်းခြင်းခံကြရပါသည်။ အကြောင်းမှာ လှုပ်ရှားသူများက အာဏာပိုင်များထံတွင် ကိုယ်တိုင် အဖမ်းခံလာစေရန် ဓါးစာခံသဘောဖမ်းဆီးမှုမျိုးဖြစ်ပါသည်။ မိခင်ဖြစ်သူများမှာ အလားတူအဖြစ်မျိုး ကြုံကြရသည့်အခါ စိတ်ပိုင်းဆိုင်ရာအရ ဖိစီးကြေကွဲရမှု အထူးခံစားကြရပါသည်။

မန္တလေးတွင် ဖြစ်ပွားခဲ့သည့် ဖြစ်ရပ်တခုတွင် လုံခြုံရေးတပ်ဖွဲ့များက နိုင်ငံရေးအရ တက်ကြွလှုပ်ရှားသူ ကဗျာဆရာ ကိုငြိမ်းသစ်၏ဇနီးကို ဖမ်းဆီးခဲ့ပါသည်။ အကြောင်းမှာ ကိုငြိမ်းသစ်ကို ဖမ်းဆီးရမိခြင်း မရှိသောကြောင့် ဖြစ်သည်။ စစ်တပ်များက ကဗျာဆရာ ကိုငြိမ်းသစ်၏အိမ်ကို အောက်တိုဘာလ ၁ ရက်နေ့တွင် ဝင်ရောက်စီးနင်းခဲ့ကြပြီး၊ သူ၏ဇနီး မခင်မာလာကို ဖမ်းဆီးသွားကြပါသည်။ ဤသို့ဖမ်းဆီးသွားရာတွင် သူတို့၏ ကလေး ၃ ဦးအား အုပ်ထိန်းစောင့်ရှောက်သူ မကျန်ရစ်ဘဲ ထားရစ်ခဲ့ပါသည်။ သူတို့၏ ကလေးများမှာ ဖခင်ဖြစ်သူက အစိုးရဖမ်းဆီးမည်ကို ကြောက်ရွံ့သောကြောင့် ရှောင်တိမ်းပုန်းအောင်းနေရ၊ မိခင်ဖြစ်သူမှာ ဖမ်းဆီးခံထားရသောကြောင့် အုပ်ထိန်းစောင့်ရှောက်သူ မရှိကြပါ။ [၁၁]

အမျိုးသမီး လှုပ်ရှားသူများ၏ မိသားစုဝင်များမှာလည်း ဓားစာခံအဖြစ် ဖမ်းဆီးခြင်းခံရပါသည်။ အကြောင်းမှာ သူတို့ကိုယ်တိုင် အာဏာပိုင်များထံလာရောက် အဖမ်းခံစေရန် အကြပ်ကိုင်ခြင်းဖြစ်ပါသည်။ တက်ကြွလှုပ်ရှားသူတဦးဖြစ်သည့် မသက်သက်အောင်[၁၂]၏ မိခင်နှင့် အသက် ၇၀ ကျော် ရှိပြီဖြစ်သူ ယောက္ခမတို့သည် ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့တွင် တရက်အကြာ ဖမ်းဆီးခံခဲ့ရပါသည်။ မသက်သက်အောင် လာရောက်အဖမ်းဆီးခံခြင်း မရှိပါက မိသားစုဝင်များကို ပြန်လွှတ်ပေးမည် မဟုတ်ကြောင်း ခြိမ်းခြောက်ပြောဆိုခဲ့ပါသည်။

## သိက္ခာချခြင်း၊ လူဆိုးသဖွယ် တံဆိပ်ကပ်ခြင်းနှင့် မကောင်းသတင်း၊ အပုတ်ချသည့် စီမံကိန်းများ ဝါဒဖြန့်လုပ်ဆောင်ခြင်း

မြန်မာ စစ်အစိုးရသည် အမြဲတစေဆိုသလို တက်ကြွလှုပ်ရှားသူများကို အစိုးရပိုင် သတင်းမီဒီယာများမှတဆင့် တိုက်ခိုက်အပုတ်ချခြင်း ပြုလေ့ရှိပါသည်။ အမျိုးသမီးများ အပါအဝင် တက်ကြွလှုပ်ရှားသူများကို

---

၉ မူရင်း။ မနီလာသိန်းနှင့် ဗွီအိုအေ သတင်းဌာန အင်တာဗျူးမှတဆင့် ထုတ်နုတ်ထားသည်။ (၂၀၀၇) ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်)

၁၀ မနီလာသိန်း၏ ဖြစ်ရပ်အပြည့်အစုံကို နောက်ဆက်တွဲ (၁) 'အမျိုးသမီးများ၏ ကိုယ်ရေးအကျဉ်း' ကဏ္ဍတွင် ဖော်ပြထားပါသည်။

၁၁ Democratic Voice of Burma, Oct 9, 2007, *Wife of Politically Active Poet Arrested.*

၁၂ မသက်သက်အောင်၏ ဖြစ်ရပ်အပြည့်အစုံကို နောက်ဆက်တွဲ (၁) 'အမျိုးသမီးများ၏ ကိုယ်ရေးအကျဉ်း' ကဏ္ဍတွင် ဖော်ပြထားပါသည်။

နည်းမျိုးစုံဖြင့် နာမည်ဖျက်တိုက်ခိုက ပါသည်။ ဤသို့ဆောင်ရွက်ရာတွင် အကြမ်းဖက်သမားဟု တံဆိပ်ကပ်ခြင်းလည်း အပါအဝင် ဖြစ်ပါသည်။

အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် အဖွဲ့ဝင်ဟောင်းတဦးဖြစ်သူ နော်အုန်းလှ[၁၃] သည် ရွှေတိဂုံဘုရားတွင် အပတ်စဉ် ဝတ်ပြုဆုတောင်းပွဲကို ၂ နှစ်ကျော်ကြာ ဦးဆောင်စည်းရုံးဆောင်ရွက်နေခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးနှင့် ကျန်းမာစေရေးအတွက် ဝတ်ပြုဆုတောင်းခဲ့သူဖြစ်သည်။ နော်အုန်းလှကို မဂ္ဂဇင်းဆောင်းပါးများတွင် ကွယ်လွန်ပြီဖြစ်သည့် ပြည့်တန်ဆာခေါင်းအမျိုးသမီးကြီးတဦးနှင့် နှိုင်းယှဉ်၍ တိုက်ခိုက် အပုတ်ချခဲ့ပါသည်။ ဤဆောင်းပါးတပုဒ်တည်းကိုပင် အပတ်စဉ် ရန်ကုန်တွင် ထုတ်ဝေသည့် ဂျာနယ် ၃၀ ၌ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလတွင် တပြိုင်တည်းဖော်ပြခဲ့ကြပါသည်။ နော်အုန်းလှက စာစောင်ထုတ်ဝေသူများနှင့် အယ်ဒီတာ ၁၂၃ ဦးကို အသရေဖျက်မှုဖြင့် တရားစွဲဆိုခဲ့ပါသည်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအပါအဝင် အာဏာပိုင်များထံသို့ မေတ္တာရပ်ခံစာများ ပေးပို့ခဲ့သော်လည်း အရေးယူပေးမှု၊ နစ်နာရသည့်အတွက် ပြန်လည်ကုစားပေးမှု တစုံတရာ မရှိခဲ့ပါ။ ထိုမှုမှာက အမှုကို ပယ်ချခဲ့ပါသည်။ ဤနည်းအားဖြင့် အာဏာပိုင်များက လူ့အခွင့်အရေး ချိုးဖောက်မှုများကို လစ်လျူရှုနေကြောင်း ပြသနေပြီး၊ အကျိုးဆက်အားဖြင့် ပြစ်မှုကျူးလွန်ခဲ့သူများကို အပြစ်ပေးအရေးယူခြင်း မရှိဘဲခွင့်လွှတ်ထားသဖြင့် အာဏာပိုင်များပါဝင်ပါတ်သက်နေကြောင်း သက်သေပြနေပါသည်။

၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ ဆန္ဒပြပွဲများတွင် ပါဝင်လှုပ်ရှားခဲ့ပြီးနောက် ဒေါ်နော်အုန်းလှ အဖမ်းခံရပြီး၊ ထိုနေ့တွင်ပင် ပြန်လွှတ်လာခဲ့ပါသည်။ သို့သော်လည်း ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့တွင် သူမကို အာဏာပိုင်များက “၁၉၆၁ ခုနှစ် ခြေချုပ်နှင့် ခံဝန်ဥပဒေ” ဖြင့် တရားစွဲဆိုခဲ့ပြီး၊ ခွင့်ပြုချက် မရှိဘဲ သူမနေထိုင်ရာမြို့နယ်မှ လာမည့်တနှစ်လုံးအပြင်မထွက်ရန်၊ နိုင်ငံ၏ အခြားသောနေရာများတွင် အခြေချနေထိုင်ခြင်း မပြုရန် တားမြစ်ခဲ့ပါသည်။ သူမသည် ၇ ရက် တပတ်တကြိမ် ဒေသတွင်းရှိ ရဲစခန်းသို့ သတင်းပို့ရသည်။ သူမကို ဤသို့ တရားစွဲဆိုခဲ့သည့် အကြောင်းပြချက်မှာ သူမ၏ အိမ်ထောင်စု မှတ်ပုံတင်စာရင်းတွင် အတည်တကျလိပ်စာ ရှိမနေခြင်းနှင့် အလုပ်အကိုင်အတည်တကျ မရှိခြင်းတို့ကြောင့်ဟု မတရားစွပ်စွဲခဲ့ပါသည်။ ဤအမှုစစ်ဆေးစဉ်ကာလတွင်လည်း ရှေ့နေဖြင့် ကိုယ်စားပြုခွင့် မပေးပါ။ ဒေသဆိုင်ရာ အာဏာပိုင်များနှင့် ရဲများကသာ တရားစွဲဆိုသူအဖြစ် သက်သေထွက်ဆိုခဲ့ကြပါသည်။

**ရဟန်းသံဃာများကို အပုတ်ချအသရေဖျက်ရန်အတွက် ရိုးရာအစဉ်အလာဖြစ်နေသော လိင်ကွဲပြားမှုအပေါ် အခြေခံသည့် ရပ်တည်ချက်အမြင်များအား အသုံးချတိုက်ခိုက်ခဲ့ခြင်း**

မကြာသေးမီကာလများတွင် မြန်မာ စစ်အစိုးရက ငြိမ်းချမ်းစွာ ဆန္ဒပြခဲ့ကြသည့် ရဟန်းသံဃာများကို အပုတ်ချ အသရေဖျက်နိုင်ရန် မြန်မာ့လူမှုအသိုင်းအဝိုင်းတွင် လက်ခံထားသည့် အမျိုးသမီးများအပေါ် ထားရှိသည့်သဘောထား၊ ဘာသာရေးအရ အမျိုးသမီးများနှင့် မဆက်ဆံရ၊ ဘာသာရေးအရ အမျိုးသမီးများက နိမ့်ကျသည်ဟူသည့် အယူအဆများကို ကိုင်စွဲ၍ တိုက်ခိုက်ပုတ်ခတ်ခဲ့ကြပါသည်။

မြန်မာ စစ်အစိုးရပိုင်သတင်းမီဒီယာများက ဆန္ဒပြပွဲတွင် ပါဝင်ခဲ့ကြသည့် သံဃာများကို သံဃာအတုအယောင်များ၊ ပြဿနာဖန်တီးကြသူများ၊ ဗုဒ္ဓဝိနည်းတော်နှင့် မညီဘဲ ပြုမူကျင့်ကြံကြသူများဟူ၍ သတင်းများ ထုတ်လွှင့်ပုံနှိပ်၍ တိုက်ခိုက်ခဲ့ကြပါသည်။ အာဏာပိုင်များက ဖော်ပြရာ၌ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့ ဘုန်းတော်ကြီးကျောင်းများကို ဝင်ရောက်စီးနင်းသိမ်းပိုက်ရာ၌ လက်နက်များနှင့် ခဲယမ်းများ၊ လိင်မှုဆိုင်ရာပစ္စည်းများ၊ အမျိုးသမီးအဝတ်အစားများနှင့် အသုံးအဆောင်များတွေ့ရှိခဲ့ရကြောင်း စွပ်စွဲဖော်ပြခဲ့ပါသည်။ ဤသို့ ဘုန်းတော်ကြီးကျောင်းများကို စီးနင်းတိုက်ခိုက်သည့်ကိစ္စကို ၎င်းနေ့တွင်ပင် ထုတ်ပြန်သည့် “ညွှန်ကြားချက်အမိန့်အမှတ် ၉၃” အရ ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ ဤအမိန့်အရ ဝိနည်းတော်နှင့် မညီ၊ ကျူးလွန်သည့် ရဟန်းသံဃာများကို ဖမ်းဆီးရန် ညွှန်ကြားခဲ့သည်။

---

၁၃ ဒေါ်နော်အုန်းလှ၏ ဖြစ်ရပ်အပြည့်အစုံကို နောက်ဆက်တွဲ (၁) ‘အမျိုးသမီးများ၏ ကိုယ်ရေးအကျဉ်း’ ကဏ္ဍတွင် ဖော်ပြထားပါသည်။

ဖြစ်ရပ်တခုတွင် မြန်မာ စစ်အစိုးရ အာဏာပိုင်များက ရန်ကုန်၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ရွှေတောင် ဘုန်းတော်ကြီးကျောင်းတိုက်တွင် နေထိုင်သည့် မိန်းမပျိုတဦးကို ဖမ်းဆီးနှိပ်စက်ညှဉ်းပမ်းခဲ့ပြီး ထိုဘုန်းကြီး ကျောင်းရှိ ကျောင်းထိုင်ဆရာတော်နှင့် မဖွယ်မရာကျူးလွန်ခဲ့သည်ဟု အဓမ္မဝန်ခံ ထွက်ဆိုစေခဲ့ပါသည်။[၁၄] ဖြစ်ရပ် မှန်မှာ ကျောင်းထိုင်ဆရာတော်ကြီးသည် သူမ၏ ဦးလေးတော်စပ်သူဖြစ်ပြီး၊ ဆရာတော်၏မယ်တော် (သူမ၏ အဘွား ဖြစ်သူ) လေဖြတ်၍ နာမကျန်းသောကြောင့် စောင့်ရှောက်ထားရန် ခေါ်ယူထားခြင်းမျှသာ ဖြစ်သည်။

အသက် (၈၁)နှစ်အရွယ် အဘွားအို ဒေါ်ငြိမ်းရင်က ဘီဘီစီ မြန်မာပိုင်းအစီအစဉ်နှင့် တွေ့ဆုံမေးမြန်း ခန်းတခုတွင် ထိုသို့ စွပ်စွဲခံရခြင်းအပေါ် ဖြစ်ရပ်မှန်ကို ပြန်လည်ရှင်းပြခဲ့ပါသည်။ သူမ၏ မြေးမလေးဖြစ်သူ အကြောင်း ပြန်လည်ပြောပြရာ၌ မျက်ရည်လည်ရွဲနှင့် ပြန်လည်ရှင်းပြခဲ့ပါသည်။ "ဒီကလေးမကလေးက အသက် ၇ နှစ်၊ ၈ နှစ် အရွယ် ကလေးဘဝကတည်းက ကျမတို့နဲ့အတူနေခဲ့တာပါ။ ဆရာတော်က ကျမရဲ့ အငယ်ဆုံး သားပါ။ သူတို့လာပြီးဖမ်းပါတယ်။ ကျမတို့ ဒီဘုန်းကြီးကျောင်းမှာ နေနေတာ ဆယ်နှစ်လောက် ရှိပါတော့မယ်။ ဒီလို ပြောဆိုတာတွေက မမှန်ပါဘူး။ ဘာဖြစ်လို့ သူတို့ ဒီကလေးမလေးကို ဒီလိုစွပ်စွဲကြတယ် မသိပါဘူး။ သူက ကျမကို စောင့်ရှောက်ပေးနေတာပါ။ ကျမနဲ့ တချိန်လုံးအတူရှိနေပါတယ်။ အခု သူ့အတွက် ကျမ သိပ်စိုးရိမ်ပါတယ်။ ကျမ သူမရှိရင် နေလို့မဖြစ်နိုင်ပါဘူး။ ကျမ အခုပဲ ဆေးရုံက ပြန်လာတာပါ။" [၁၅]

ဘီဘီစီရေဒီယိုက ပြုလုပ်သည့်အခြားအင်တာဗျူးတခုတွင် မိန်းမပျိုကလေးတဦးက ပြောကြားရာ၌ သူမ၏ သူငယ်ချင်းဖြစ်သူမှာ ရဟန်းသံဃာအချို့နှင့် ကျူးလွန်ဖောက်ပြားခဲ့ကြောင်း ဗီဒီယိုကင်မရာ ရှေ့မှောက် ၌ ဝန်ခံရန် အဓမ္မခိုင်းစေခံခဲ့ရသည်ဟု ပြန်လည်ပြောပြခဲ့ပါသည်။

## အမျိုးသမီး တက်ကြွလှုပ်ရှားသူများကို ရာဇဝတ်မှုကျူးလွန်သူများသဖွယ် သတ်မှတ်ခြင်း

မြန်မာ စစ်အစိုးရသည် မကြာသေးမီကာလတွင် တက်ကြွလှုပ်ရှားသူများကို ရှာဖွေဖမ်းဆီးသည့် ကိစ္စများ အပူတပြင်းပို၍တိုးကာ ဆောင်ရွက်နေပါသည်။ အိမ်များကို စီးနင်းရှာဖွေခြင်း၊ "အလိုရှိသူ" များ၏ စာရင်းများကို လက်ကမ်းစာရွက်များထုတ်ဝေ၍ ရန်ကုန်မြို့ရှိ စစ်ဆေးရေးဂိတ်များ၊ အခြားမြို့များသို့ ဖြန့်ဝေ ထားခြင်း၊ ၎င်းတို့၏ မိသားစုဝင်များကို ဖိနှိပ်ခြင်း၊ ၎င်းတို့အိမ်အတွင်း၌ နေထိုင်လျက် ဓားစာခံသဖွယ် ပြုမူ နေခြင်း၊ စသည်တို့ ဆောင်ရွက်နေပါသည်။ သို့အတွက်ကြောင့်လည်း တက်ကြွလှုပ်ရှားသူများ လုံခြုံစွာ တိမ်း ရှောင်ခိုအောင်းနေရေးမှာ ပို၍ ပို၍ ခက်ခဲလာပါသည်။ ဤသို့ လိုက်လံရှာဖွေခံနေကြရသော စာရင်းများတွင် လူသိများထင်ရှားသည့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ပေးသူ အမျိုးသမီးများ ပါဝင်ပြီး၊ အိပ်ချ်အိုင်ဗွီ– အေအိုင်ဒီအက်စ်အရေး ဆောင်ရွက်ကူညီပေးနေသူ မဖြူဖြူသင်း [၁၆] လည်း အပါအဝင် ဖြစ်ပါသည်။ သူမသည် လွန်ခဲ့သည့် ဩဂုတ်လမှစတင်၍ ရှောင်တိမ်းပုန်းအောင်းနေရပါသည်။ သူမနှင့် အခြားအမျိုးသမီး ၃ ဦးတို့သည် သူမတို့ ကြုံတွေ့ရင်ဆိုင်နေရသောအန္တရာယ်နှင့် ပတ်သက်၍ အလေးပေးဖော်ပြပြီး၊ ကုလသမဂ္ဂထံသို့ အောက် တိုဘာလ ၂၃–ရက်နေ့တွင် စာတစောင် ပေးပို့ခဲ့ပါသည်။ ၎င်းစာတွင် "မြန်မာနိုင်ငံရှိ အမျိုးသမီးများကို အဓမ္မ ဖမ်းဆီးခြင်း၊ ပြန်ပေးဆွဲခြင်း၊ နှိပ်စက်ညှဉ်းပမ်းခြင်း၊ အခြားမလျော်ကန်သည့် ကျူးလွန်ချိုးဖောက်မှုများနှင့် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ မရရှိခြင်းအပါအဝင် ဆက်လက် ဖြစ်ပွားနေသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများမှ ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးအတွက် အဆောတလျင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် များ ချမှတ်ဆောင်ရွက်ပေးပါရန် " တောင်းဆိုခဲ့ကြပါသည်။

မြန်မာနိုင်ငံရှိ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ပေးနေသူ အမျိုးသမီးများကို ကာကွယ်မှုပေး ရေးအတွက် ဤတောင်းဆိုချက်ကို ဆက်လက်၍ လစ်လျူရှု မထားသင့်ပါ။ မကြာသေးမီ ကာလကပင် အလုပ်

---

၁၄ New Light of Myanmar, Oct 3-5, 2007 issue

၁၅ BBC nterview on 6 November 2007.

၁၆ မဖြူဖြူသင်း၏ ဖြစ်ရပ်အပြည့်အစုံကို နောက်ဆက်တွဲ (၁) 'အမျိုးသမီးများ၏ ကိုယ်ရေးအကျဉ်း' ကဏ္ဍတွင် ဖော်ပြထားပါသည်။

သမားအရေး ဆောင်ရွက်နေသူ ထင်ရှားသည့် လုပ်ရှားသူတဦးဖြစ်သူ မစုစုနွေး[၁၇]သည်လည်း ၃ လကျော်ကြာ ပုန်းအောင်းတိမ်းရှောင်နေခဲ့ရပြီးနောက် ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့တွင် အာဏာပိုင်များက ထပ်မံ ဖမ်းဆီးခဲ့ပြန်သည်။ သူမဖမ်းဆီးခံရသည့်နေရာမှာ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ အထူးသံကိုယ်စားလှယ် မစ္စတာပင်ညဲရိုး နောက်ဆုံးအကြိမ် မြန်မာနိုင်ငံသို့သွားစဉ်က တည်းခိုခဲ့သည့် ဟိုတယ်အနီး၌ ဖမ်းဆီးခံခဲ့ရခြင်း ဖြစ်ပါသည်။ မစ္စတာပင်ညဲရိုး၏ ခရီးစဉ်မှာ မကြာသေးမီက ဖြစ်ပွားခဲ့သည့် ငြိမ်းချမ်းစွာ ဆန္ဒပြပွဲများကို အာဏာပိုင်များက ဖြိုခွင်းနှိမ်နင်းခဲ့ရာ၌ ပြည်သူမည်မျှ သေဆုံးသည်၊ မည်မျှ ဖမ်းဆီးထားသည်ကို စစ်ဆေး ကြည့်ရှုနိုင်ရန်အတွက် မြန်မာနိုင်ငံသို့ လာရောက်ခဲ့ခြင်း ဖြစ်ပါသည်။ မစုစုနွေးတွင် နှလုံးရောဂါ ခံစားနေရပြီး၊ သူမယခုကဲ့သို့ ဖမ်းဆီးခံနေရချိန်တွင် ကျန်းမာရေးအတွက် အလွန်စိုးရိမ်ပူပန်နေရပါသည်။

## နိုဂုံး

နိုဂုံးချုပ်အနေဖြင့် မြန်မာနိုင်ငံရှိ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ပေးနေသူ အမျိုးသမီးများမှာ အောက်ဖော်ပြပါ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကိုယ်တိုင်ခံစားခဲ့ကြရပါသည်။ ကုလသမဂ္ဂ လူ့အခွင့် အရေးကြေငြာစာတမ်း (UN Decleration of Human Rights) ၊ လူ့အခွင့်အရေး ကာကွယ်စောင့် ရှောက်ပေးသူများဆိုင်ရာ ကြေငြာစာတမ်း (Decleration of Human Rights Defenders)၊ လူမှုရေးနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် (International Convention on Civil and Political Rights)၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားထားမှု အားလုံးဖျက်သိမ်းရေးဆိုင်ရာ သဘောတူစာချုပ် (Convention on the Elimination of All Forms of Discrimination Against Women) စသည့် တို့တွင် ပါဝင်ဖော်ပြထားသည့် အခြေခံ အခွင့်အရေးများကို ချိုးဖောက်ခံနေခဲ့ကြရပါသည်။

- အသက်အန္တရာယ်ဖြစ်စေရန် တိုက်ခိုက်ခြင်း၊ ကိုယ်ကာယနာကျင်စေရန် တိုက်ခိုက်ခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရမှု ဖြစ်စေရန်ပြုခြင်း။။ (ဤဖြစ်ရပ်များတွင် နှိပ်စက်ညှဉ်းပမ်းခြင်း၊ ဓားစာခံအဖြစ် ပြန်ပေးဆွဲ ထားခြင်း၊ အကျီထမီတို့ကို စုတ်ပြဲစေအောင် လိင်ပိုင်းဆိုင်ရာ စော်ကားကျူးလွန်ခြင်း၊ ဆန္ဒပြပွဲများကို ချေမှုန်းဖြိုခွဲခြင်းနှင့် နောက်ပိုင်း ဖမ်းဆီးမှုများတွင် အင်အားအလွန်အကျွံအသုံးပြုခြင်းတို့ ပါဝင်သည်။)

- လွတ်လပ်စွာနေထိုင်ခွင့်မှ ရုပ်ပိုင်းဆိုင်ရာအရသော်လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာအရသော်လည်း ကောင်း ကင်းဝေးစေခြင်း။ (ဥပမာ အားဖြင့် အဓမ္မဖမ်းဆီးခြင်း၊ ထိန်းသိမ်းထားခြင်း၊ သူတို့၏ လုံခြုံရေးအ တွက် ရှောင်တိမ်းပုန်းအောင်းနေရခြင်းတို့ ပါဝင်သည်။)

- လူပုဂ္ဂိုလ်ရေးအရ တိုက်ခိုက်ခြင်းနှင့် ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်ချက်ဖြင့် တိုက်ခိုက်ခြင်း။ (ဤဖြစ် ရပ်များတွင် နှုတ်အားဖြင့် ဆဲရေးတိုင်းထွာခြင်း၊ သိက္ခာချခြင်း၊ အကြမ်းဖက်သမားများဟု တံဆိပ်ကပ်ခြင်း၊ သတင်းမီဒီယာဌာနများမှတဆင့် သိက္ခာချစွပ်စွဲခြင်း၊ လိင်ဖြင့်ဖျားယောင်းခြင်း၊ လိင်ကွဲပြားမှုအပေါ် အခြေခံ ၍ မကောင်းသောအကျိုးဆက်ဖြစ်စေရန် အသုံးချခြိမ်းခြောက်ခြင်း၊ ၎င်းလှုပ်ရှားသူများ၏ နိုင်ငံရေး တောင်း ဆိုချက်များကို သေးသိမ်စေရန် သို့မဟုတ် တားဆီးရန်အတွက် အမျိုးသမီးများကို အရှက်ရစေရန်၊ နှိမ့်ချ ရန်နည်းဖြင့် ဆောင်ရွက်ခြင်း)

- ပုဂ္ဂလိက လွတ်လပ်ခွင့်ကို ကျူးကျော် ချိုးဖောက်ခြင်း၊ ပုဂ္ဂိုလ်ရေးအရ ရင်းနှီးမှုကိစ္စများအပေါ် ကျူးလွန် ချိုး ဖောက်ခြင်း။ (ဥပမာအားဖြင့် မိသားစုဝင်များကို ဖမ်းဆီးခြင်း၊ ထိန်းသိမ်းထားခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကိုယ်ဝန်ဆောင် အမျိုးသမီးများကို အန္တရာယ်ပြုခြင်းနှင့် နို့တိုက်မိခင်များကို သူတို့၏ ရင်သွေးများနှင့် ကွဲ ကွာနေထိုင်စေခြင်း။)

---

၁၇ မစုစုနွေး၏ ဖြစ်ရပ်အပြည့်အစုံကို နောက်ဆက်တွဲ (၁) ‘အမျိုးသမီးများ၏ ကိုယ်ရေးအကျဉ်း’ ကဏ္ဍတွင် ဖော်ပြထားပါသည်။

- အမျိုးသမီးများ၏ လွတ်လပ်စွာ ပြောဆိုဖော်ပြခွင့်၊ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်၊ စုရုံးခွင့်များကို တားမြစ် ချိုးဖောက်ခြင်း။

- လူ့အခွင့်အရေး ချိုးဖောက်မှုများကို အသိအမှတ်မပြု၊ လစ်လျူရှုထားခြင်းနှင့် ကျူးလွန်သူများကို ဥပဒေအရ အရေးမယူဘဲထားခြင်း။ (လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ပေးသူ အမျိုးသမီးများအတွက် လမ်းညွှန်စာအုပ် **(A Guidebook on Women uman Rights Defenders')** (၂၀၀၇) ခုနှစ်ထုတ်မှ အခွင့်အရေးများကို တင်ပြတောင်းဆိုခြင်း၊ တရားမျှတမှုအတွက် တင်ပြတောင်းဆိုခြင်း အခန်းကို ကြည့်ပါ။) **(*www.defendingwomen-defendingrights.org*)**

လူ့အခွင့်အရေး တိုးတက်စေရန်အတွက် မြှင့်တင်ဆောင်ရွက်ပေးရန်နှင့် လူ့အခွင့်အရေးများ ကာကွယ်ပေးသူများကို ကာကွယ်စောင့်ရှောက်ပေးရန်မှာ နိုင်ငံတော်အစိုးရများ၏ တာဝန်ဖြစ်ပါသည်။ သို့သော်လည်း မြန်မာနိုင်ငံတွင်မူ စစ်အစိုးရသည် ဤပုဂ္ဂိုလ်များကို တမင်တကာ ရည်ရွယ်၍ လူ့အခွင့်အရေးများ ချိုးဖောက်ကျူးလွန်နေပြီး၊ ၎င်းတို့၏ အာဏာနှင့် မတရားရရှိထားသည့် စည်းစိမ်ဥစ္စာများကို ကာကွယ်နိုင်ရန် ဆောင်ရွက်နေကြပါသည်။ မြန်မာနိုင်ငံရှိ ပြည်သူလူထုများအပေါ် စစ်အစိုးရက ကျူးလွန်နေသည့် (နိုင်ငံတော်ကိုယ်၌က ဆောင်ရွက်ကျူးလွန်နေသော) အကြမ်းဖက်မှုများမှာ အထောက်အထား အမြောက်အများရှိနေပြီး ၎င်းတို့၏ အုပ်ချုပ်ရေးကို စိန်ခေါ်ဆန့်ကျင်လာသူမှန်သမျှကို ဆက်လက်ချေမှုန်းမည်ဆိုသည်မှာလည်း ထင်ရှားနေပါသည်။ မြန်မာနိုင်ငံရှိ ပြည်သူလူထုများ ဆက်လက်ရှင်သန်ရပ်တည်နိုင်ရေးအတွက် စစ်အစိုးရအနေဖြင့် ၎င်းတို့ကျူးလွန်ခဲ့သည့် ပြစ်မှုများအတိုင်း ထိုက်တန်သည့် ပြစ်ဒဏ်ကို ခံစားစေရမည် ဖြစ်ပါသည်။

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အနေဖြင့် ထွက်ပြေးတိမ်းရှောင်နေကြရသည့် တက်ကြွလှုပ်ရှားသူများ၊ ထောင်များနှင့် ထိန်းသိမ်းရေးစခန်းများအတွင်းရှိ နိုင်ငံရေး အကျဉ်းသားအားလုံးအတွက် လွန်စွာ စိုးရိမ်ပူပန်မိပါသည်။ အထူးသဖြင့် သီလရှင်များ အပါအဝင်ဖြစ်သည့် မကြာသေးမီကာလက အကျဉ်းထောင်များနှင့် ထိန်းသိမ်းရေးစခန်းများတွင် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသော အမျိုးသမီးများအတွက် ပို၍ စိုးရိမ်ပူပန်မိပါသည်။ ထိုသူများမှာ လက်သင့်မခံနိုင်ဖွယ် အခြေအနေရှိနေသည့် အကျဉ်းထောင်အတွင်း ချို့တဲ့ဖိစီးမှုများကို သာမက လိင်ကွဲပြားမှုအပေါ်အခြေခံ၍ ခွဲခြားဖိနှိပ်မှုများ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကိုပါ ခံစားနေရသောကြောင့် ဖြစ်ပါသည်။

စစ်အစိုးရက အာဏာကို ဆက်လက်ဆုပ်ကိုင်ထားသမျှ ကာလပတ်လုံး၊ ဥပဒေကို လှည့်ဖျားအသုံးချ၍ မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီ ပြန်လည်ဖော်ဆောင်နိုင်ရေးအတွက် စစ်မှန်သော နိုင်ငံရေးဆွေး နွေးပွဲများကို ငြင်းဆန်နေသမျှ ကာလပတ်လုံး ဤအမျိုးသမီးများ၏ လုံခြုံရေးကိစ္စ အပါအဝင်၊ နိုင်ငံရေးအ ကျဉ်းသားများ၏ လုံခြုံရေးအတွက်မှာ မည်သို့မျှ အာမခံချက်ရှိမည် မဟုတ်ပါကြောင်း။

**သို့ဖြစ်ပါ၍ မိမိတို့အနေဖြင့် ကမ္ဘာတလွှားရှိ တက်ကြွလှုပ်ရှားသူများအား သက်ဆိုင်ရာ အစိုးရများထံသို့ အောက်ဖော်ပြပါ အချက်များကို ဝိုင်းဝန်းတောင်းဆိုပေးကြပါရန် မေတ္တာရပ်ခံပန်ကြားလိုပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံ၏ ဗျူဟာမြောက် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အိန္ဒိယ၊ တရုတ်၊ ထိုင်းနိုင်ငံသို့ အောက်ပါအချက်အလက်များကို ဝိုင်းဝန်းတောင်းဆိုပေးစေလိုပါသည်။**

- မြန်မာနိုင်ငံတွင် မကြာသေးမီက ဖြစ်ပျက်ခဲ့သည့် ငြိမ်းချမ်းစွာ ဆန္ဒပြတောင်းဆိုသူများကို အကြမ်းဖက်ချေမှုန်းဖြိုခွဲခဲ့သည့်အပေါ် ရှုံ့ချကြပါရန်နှင့် ငြိမ်းချမ်းစွာဆန္ဒပြခဲ့ကြသူများအပေါ် ရာဇဝတ်သားများ အဖြစ်သတ်မှတ်ခြင်း၊ လိုက်လံရှာဖွေဖမ်းဆီးနေခြင်းကို ချက်ခြင်းရပ်တန့်ပါရန်၊ မြန်မာပြည်သူများအပေါ် လိင်ပိုင်း

ဆိုင်ရာ အကြမ်းဖက်ခြင်းအပါအဝင် အကြမ်းဖက်ခြင်းအမျိုးမျိုး ကျူးလွန်စေရန် စေခိုင်းခွင့်ပြု နေခြင်းများကို ရပ်တန့်စေရန် မြန်မာ စစ်အစိုးရသို့ တောင်းဆိုပေးကြပါရန်။

- မြန်မာနိုင်ငံရှိ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ပေးသူ အမျိုးသမီးများနှင့် အခြားသော နိုင်ငံရေး အကျဉ်းသားများ ချက်ချင်းလွတ်မြောက်ရေးအတွက် ဝိုင်းဝန်းတောင်းဆိုကြပါရန်၊ လွတ်လပ်စွာ ပြောဆို ဖော်ပြခွင့်၊ အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်နှင့် စုရုံးခွင့်များကို ပိတ်ပင်ကန့်သတ်ထားခြင်းကို ပြန်လည်ရုပ် သိမ်းပေးပါရန်။
- ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး၊ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီနှင့် ၎င်း၏ လူ့အ ခွင့်အရေးဆိုင်ရာဌာနများသို့၊ (အထူးသဖြင့် ကုလသမဂ္ဂ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် ပတ် သက်၍ လေ့လာစုံစမ်းရေးဆိုင်ရာ အထူးသံကိုယ်စားလှယ်၊ ကုလသမဂ္ဂမြန်မာနိုင်ငံ လူ့အခွင့်အရေး ဆိုင်ရာ အခြေအနေနှင့် ပတ်သက်၍ လေ့လာစုံစမ်းတင်ပြရမည့် အထူးသံကိုယ်စားလှယ်တို့အနေဖြင့်) မြန်မာနိုင်ငံအတွင်း အမျိုးသမီးများအပေါ် ချိုးဖောက်ကျူးလွန်ခံနေရသည့်ကိစ္စများနှင့် ပတ်သက်၍ လေ့ လာစုံစမ်းတင်ပြကြပါရန် ဝိုင်းဝန်းတောင်းဆိုကြပါရန် ။
- ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် (အထူးသဖြင့် အရှေ့တောင်အာရှ အဖွဲ့ဝင်နိုင်ငံများ အနေဖြင့်) မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီ ထွန်းကားလာစေရန် မြန်မာ စစ်အစိုးရအပေါ် တိုးတက်၍ ဖိအားပေးနိုင်စေရေးအတွက် အလေးထားဆောင်ရွက်ကြပါရန် တိုက်တွန်းတောင်းဆိုပေးကြပါရန် မေတ္တာ ရပ်ခံလိုပါသည်။

## နောက်ဆက်တွဲ (၁)

## လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူ အမျိုးသမီးများ၏ ကိုယ်ရေးအကျဉ်း
## အမှတ် (၁)။ မစုစုနွေး

အမည် ။ ။ မစုစုနွေး
အသက် ။ ။ ၃၅–နှစ်
တာဝန်/ရာထူး ။ ။ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် အဖွဲ့ဝင်၊ အလုပ်သမားအရေး လှုပ်ရှားသူ
လူ့အခွင့်အရေး ချိုးဖောက်ခံရသည့်နေရာ။ ။ ကော့မှူးမြို့နယ်၊ ရန်ကုန်တိုင်း။
ကျူးလွန်ချိုးဖောက်သူ ။ ။ မြန်မာ စစ်အစိုးရ/တိုင်းရဲတပ်ဖွဲ့။

### လူ့အခွင့်အရေး လှုပ်ရှားမှုများ

- (၂၀၀၄) ခုနှစ်၊ ဧပြီလတွင် ရန်ကုန်မြို့အနီးရှိ ဒေသဆိုင်ရာ အာဏာပိုင်များက မစုစုနွေးနှင့် အခြားသော ကျေးရွာသားများကို လမ်းဖောက်လုပ်ရေး စီမံချက်အတွက် လုပ်အားခမပေးဘဲ တရားမဝင် အဓမ္မခိုင်းစေ ခဲ့ကြသည်။
- (၂၀၀၄) ခုနှစ်၊ စက်တင်ဘာလ (၃) ရက်နေ့တွင် မစုစုနွေးက ဒေသဆိုင်ရာ အာဏာပိုင်များကို လုပ်အားခမပေးဘဲ အဓမ္မ လုပ်အားခိုင်းစေခဲ့သည့်အတွက် ဥပဒေကြောင်းအရ တရားစွဲဆိုခဲ့သည်။
- (၂၀၀၅) ခုနှစ်၊ ဇန်နဝါရီလတွင် မစုစုနွေးနှင့် ရွာသူရွာသားများက ကျေးရွာအုပ်ချုပ်ရေး အာဏာပိုင်များကို တရားစွဲဆိုမှုအောင်မြင်ခဲ့သည်။
- များမကြာမီပင် မြို့နယ်အုပ်ချုပ်ရေး ဥက္ကဋ္ဌအသစ်က မစုစုနွေးကို နာမည်ပျက်၊ သိက္ခာကျစေရန် ပြုမူဆောင်ရွက်မှုဖြင့် ပြန်လှန်တရားစွဲဆိုခဲ့သည်။ မစုစုနွေးက သူတို့ကို ဆဲရေးပြစ်တင်ခဲ့သည်ဟု စွပ်စွဲပြီး အင်းစိန်ထောင်တွင် ထောင်ဒဏ် (၁၈)လ အပြစ်ပေးခံခဲ့ရသည်။
- (၂၀၀၆)ခုနှစ်၊ ဇွန်လ (၆) ရက်နေ့တွင် နိုင်ငံတကာဖိအားများ၊ အမေရိကန်ပြည်ထောင်စုအစိုးရ၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် (အိုင်အယ်လ်အို)၊ ကုလသမဂ္ဂနှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်း (အဲန်ဂျီအို)များ ၏ ဖိအားပေးမှုများကြောင့် ပြန်လည်လွတ်မြောက်လာခဲ့သည်။
- (၂၀၀၆) ခုနှစ်တွင် သူမ၏ အဓမ္မလုပ်အားပေးမှု ဆန့်ကျင်ရေး လှုပ်ရှားမှုများကြောင့် ဂျွန်ဟမ်ဖရီ ဖရီးဒမ်း **(John Humphrey Freedom)** ဆု ချီးမြှင့်ခံရသည်။
- (၂၀၀၇) ခုနှစ်၊ ဩဂုတ်လ လောင်စာဆီဈေးနှုန်းများ အဆမတန်မြှင့်တင်လိုက်သည့်အပေါ် ဆန္ဒပြပွဲများတွင်လည်း တက်ကြွစွာ ပါဝင်ခဲ့သည်။ ဩဂုတ်လ(၂၈)ရက်နေ့တွင် ရန်ကုန်၊ ကမာရွတ်မြို့နယ်၊ လှည်းတန်းဈေးအနီး၌ ဆန္ဒပြပွဲတခုကို ဦးဆောင်နေစဉ် စစ်အစိုးရ ကျောထောက်နောက်ခံပြုထားသည့် ကြံ့ဖွံ့ **(USDA)** လူရမ်းကားများက ကိုယ်ထိလက်ရောက် အကြမ်းဖက်ဝင်ဆွဲ၍ ဖမ်းဆီးရန် ကြိုးပမ်းခဲ့ကြစဉ် ကံကောင်းထောက်မစွာ လွတ်မြောက်ခဲ့ပြီး၊ ပုန်းအောင်းနေခဲ့ရသည်။

### မကြာသေးမီ ကာလက ဖြစ်ပွားခဲ့သော လူ့အခွင့်အရေး ကျူးလွန်ချိုးဖောက်ခံရမှု

(၂၀၀၇) ခုနှစ်၊ နိုဝင်ဘာလ (၁၃)ရက်နေ့နံနက် မစုစုနွေးနှင့် လုပ်ဖော်ကိုင်ဖက် (၂)ဦးက ရန်ကုန်မြို့လယ်တွင် စစ်အစိုးရဆန့်ကျင်ရေး ပိုစတာများကပ်နေစဉ်၊ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးသံတမန် မစ္စတာပင်ညဲရိုး တည်းခိုနေရာ ဟိုတယ်အနီး၌ စာရွက်စာတမ်းများ ဝေငှနေစဉ်တွင် အဖမ်းခံခဲ့ရသည်။

လွန်ခဲ့သည့် ဩဂုတ်လ၊ လောင်စာဆီဈေးများ မြှင့်တင်လိုက်မှုအပေါ် ဆန့်ကျင်ကြသည့် ဆန္ဒပြပွဲများ ဖြစ်ပွားချိန်မှ၍ ပုန်းအောင်းနေထိုင်ခဲ့ရပြီး၊ ဒီမိုကရေစီရေး လှုပ်ရှားမှုများ လျှို့ဝှက်စွာ ဆက်လက်ဆောင်ရွက်နေခဲ့ သည်။

**လက်ရှိ အခြေအနေ**

- ယခုအခါ ဖမ်းဆီးထိန်းသိမ်းခံထားရပြီး၊ ရန်ကုန်၊ ဗဟန်းမြို့နယ်ရှိ ဗဟန်းရဲစခန်းတွင် အစာအငတ်ခံနေသည်ဟု (၂၀၀၇) ခုနှစ်၊ နိုဝင်ဘာလ (၁၅) ရက်နေ့က ကြေငြာခဲ့သည်။

**ဤအမှုတွင် ညှိစွန်းချိုးဖောက်ခြင်း ခံနေရသော လူ့အခွင့်အရေးဆိုင်ရာ ဥပဒေများ**

| | |
|---|---|
| UDHR | အပိုဒ် ၂၊ ၉၊ ၁၉၊ ၂၀ |
| HRD | အပိုဒ် ၁၊ ၂၊ ၅၊ ၉၊ ၁၂ |
| CEDAW | အပိုဒ် ၂၊ အပိုဒ် ၁၂ (VAW/ ၁၉၈၉)၊ အပိုဒ် ၂၊ ၅၊ ၁၁၊ ၁၂၊ ၁၆ |
| ICCPR | အပိုဒ် ၉၊ ၁၉၊ ၂၁ |
| FLC | အပိုဒ် ၁၊ ၂ |
| ASEAN | (VAW) ကြေငြာချက်၊ အပိုဒ် ၂၊ ၃၊ ၄ |

**လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူ အမျိုးသမီးများ၏ ကိုယ်ရေးအကျဉ်း**
**အမှတ် (၂)။ မမီးမီး (ခ) မသင်းသင်းအေး**

| | | |
|---|---|---|
| အမည် | ။ | ။ မမီးမီး (ခ) မသင်းသင်းအေး |
| အသက် | ။ | ။ ၃၅ နှစ် |
| အိမ်ထောင် | ။ | ။ ရှိ (အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်၊ လူငယ်အဖွဲ့ဝင်တဦးနှင့် အိမ်ထောင်ပြုခဲ့သည်။) |
| သားသမီး | ။ | ။ ၂ ဦး (အသက် ၁၂ နှစ် နှင့် ၁၆ နှစ်) |
| တာဝန်/ရာထူး | ။ | ။ ၈၈ မျိုးဆက် ကျောင်းသားများ အင်အားစု၏ ထင်ရှားသော ဦးဆောင်လှုပ်ရှားသူ တဦး ဖြစ်သည်။ |
| လူ့အခွင့်အရေး ချိုးဖောက်ခံရသည့်နေရာ။ | | ။ ရန်ကုန်မြို့ |
| ကျူးလွန်ချိုးဖောက်သူ | ။ | ။ မြန်မာ စစ်အစိုးရ။ ကြံ့ဖွံ့နှင့်/အထူး လုံခြုံရေးတပ်ဖွဲ့ဝင် (၇၀) ဦးခန့်။ |

**လူ့အခွင့်အရေး လှုပ်ရှားမှုများ**

- (၁၉၈၈) ခုနှစ်၊ လူထုအုံကြွမှုကြီး ဖြစ်ပွားချိန်၊ အသက် (၁၆) နှစ်အရွယ် အထက်တန်းကျောင်းသူဘဝမှစ၍ လှုပ်ရှားမှုတွင် ပါဝင်လာခဲ့သည်။ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ် (ဗကသ) နှင့် လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီတို့တွင် ပါဝင်ဆောင်ရွက်ခဲ့သည်။
- (၁၉၈၈) ခုနှစ်၊ လူထုအုံကြွမှု ဆန္ဒပြပွဲများတွင် တက်ကြွစွာပါဝင်ခဲ့ပြီး (၁၉၈၉) ခုနှစ်၊ မတ်လတွင် ပထမအကြိမ် ဖမ်းဆီးထိန်းသိမ်းခံရသည်။
- (၁၉၈၉) ခုနှစ်၊ ဇွန်လတွင် ပြန်လည်လွတ်မြောက်လာပြီး၊ (၁၉၉၀) ခုနှစ်တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အနိုင်ရရှိရေးအတွက် ရွေးကောက်ပွဲ စည်းရုံးရေး ခရီးစဉ်များတွင် လိုက်ပါဆောင်ရွက်ခဲ့သည်။
- (၁၉၉၆) ခုနှစ်၊ ကျောင်းသားဆန္ဒပြပွဲများတွင် တက္ကသိုလ်ကျောင်းသူတဦးအနေဖြင့် ပါဝင်လှုပ်ရှားခဲ့ပြန်သဖြင့်၊ ဖမ်းဆီးခံရကာ ထောင်ဒဏ်(၇)နှစ် အပြစ်ပေးခံခဲ့ရသည်။ နာမည်ဆိုးဖြင့် ကျော်ကြားလှသည့် အင်းစိန်ထောင်တွင် တနှစ်ထိန်းသိမ်းခံရပြီး၊ နောက်ပိုင်းတွင် ပဲခူးတိုင်းအတွင်းရှိ သာယာဝတီအကျဉ်းထောင်သို့ ပြောင်းရွှေ့ချုပ်နှောင်ခံရသည်။

- (၂၀၀၇) ခုနှစ်၊ သြဂုတ်လ ကနဦးဆန္ဒပြပွဲများတွင် ဦးဆောင်လှုပ်ရှားခဲ့သူ အမျိုးသမီးခေါင်းဆောင်များ အနက်မှ တဦးဖြစ်ပြီး၊ များမကြာမီပင် အာဏာပိုင်များ၏ လိုက်လံဖမ်းဆီးမှုကြောင့် ပုန်းအောင်းနေရသည်။

**မကြာသေးမီ ကာလက ဖြစ်ပွားခဲ့သော လူ့အခွင့်အရေး ကျူးလွန်ချိုးဖောက်ခံရမှု**

(၂၀၀၇) ခုနှစ်၊ အောက်တိုဘာလ (၁၃) ရက် နံနက်အစောပိုင်းတွင် ရန်ကုန်မြို့ ပုန်းအောင်းနေရာ နေအိမ်၌ လုံခြုံရေးတပ်ဖွဲ့ဝင် (၇၀)ဦးခန့်ဖြင့် စီးနင်းဖမ်းဆီးခံခဲ့ရသည်။ အခြားတက်ကြွလှုပ်ရှားသူ ခေါင်းဆောင်များဖြစ်သည့် ကိုဌေးကြွယ်၊ ကိုအောင်သူနှင့် အခြား ၈၈ မျိုးဆက်ကျောင်းသားများအင်အားစုအဖွဲ့ဝင် ၂ ဦး အပါအဝင် အတူပုန်းအောင်းနေကြရာ ၎င်းတို့လည်း ဖမ်းဆီးခံခဲ့ရသည်။

**လက်ရှိ အခြေအနေ**

- ဖမ်းဆီးခံထားရဆဲ ဖြစ်သည်။
- မည်သည့်နေရာတွင် ချုပ်နှောင်ထားသည်ကို သတင်းမရရှိပါ။
- မိသားစုဝင်များကိုလည်း သူမကို မည်သည့်နေရာတွင် ချုပ်နှောင်ထားသည်၊ မည်သို့ အခြေအနေရှိသည်ကို အကြောင်းကြားခြင်း မရှိပါ။

**ဤအမှုတွင် ညှိစွန်းချိုးဖောက်ခြင်းခံနေရသော လူ့အခွင့်အရေးဆိုင်ရာ ဥပဒေများ**

| | |
|---|---|
| UDHR | အပိုဒ် ၂၊ ၅၊ ၉၊ ၁၉၊ ၂၀ |
| HRD | အပိုဒ် ၁၊ ၂၊ ၅၊ ၉၊ ၁၂ |
| CEDAW | အပိုဒ် ၂၊ အပိုဒ် ၁၂ (VAW၊ ၁၉၈၉)၊ အပိုဒ် ၂၊ ၅၊ ၁၁၊ ၁၂၊ ၁၆၊ အပိုဒ် ၁၉ (VAW/ ၁၉၉၂) |
| | အပိုဒ် (၂၃) (နိုင်ငံရေးနှင့် အစိုးရဆိုင်ရာ ကဏ္ဍများ၌ အမျိုးသမီး အခွင့်အရေးများ တန်းတူညီမျှ ရရှိရေးအတွက် အကောင်အထည်ဖော် လုပ်ဆောင်ပေးရမည့်ကိစ္စများ။ ၁၉၉၇) (အပိုဒ် ၄၊ ၇၊ ၈)။ |
| | အပိုဒ် (၂၄) (ကျန်းမာရေးနှင့် ပတ်သက်၍ အမျိုးသမီးအခွင့်အရေးများ တန်းတူညီမျှ ရရှိရေး အတွက် အကောင်အထည်ဖော် လုပ်ဆောင်ပေးရမည့်ကိစ္စများ။ ၁၉၉၉) (အပိုဒ် ၁၂၊ ၅၊ ၁၀၊ ၁၁၊ ၁၄)။ (အပိုဒ် ၁၊ ၂၊ ၅၊ ၆၊ ၁၀၊ ၁၁၊ ၁၂၊ ၁၄၊ ၁၆) |
| ICCPR | အပိုဒ် ၇၊ ၉၊ ၁၉၊ ၂၁ |
| CRC | အပိုဒ် ၃၊ ၆၊ ၁၀၊ ၁၈ |
| ASEAN | (VAW) ကြေငြာချက်၊ အပိုဒ် ၂၊ ၃၊ ၄ |

**လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူ အမျိုးသမီးများ၏ ကိုယ်ရေးအကျဉ်း**
**အမှတ် (၃)။ မနီလာသိန်း**

အမည် ။ ။ မနီလာသိန်း
အသက် ။ ။ ၃၅ နှစ်
အိမ်ထောင် ။ ။ ရှိ (ကျောင်းသားခေါင်းဆောင် တဦးဖြစ်သူ၊ နိုင်ငံရေး အကျဉ်းသားဟောင်း တဦးဖြစ်သူ ကို ကျော်မင်းယု (ခ) ကိုဂျင်မီနှင့် အိမ်ထောင်ပြုခဲ့သည်။)
သားသမီး ။ ။ ၁ ဦး (အသက် ၄ လသာ ရှိသေးသည့် အချိန်တွင် မိခင်နှင့် ခွဲခွါ၍ မိခင် ဖြစ်သူ မနီလာသိန်းက ပုန်းအောင်းနေရသည်။)
တာဝန်/ရာထူး ။ ။ ဒီမိုကရေစီ အတိုက်အခံတဦးဖြစ်ပြီး၊ ၈၈ မျိုးဆက်ကျောင်းသားများ အင်အားစု၏ ၄င် ရှားသော ဦးဆောင်လှုပ်ရှားသူတဦးဖြစ်သည်။
လူ့အခွင့်အရေး ချိုးဖောက်ခံရသည့်နေရာ။ ။ ရန်ကုန်မြို့။
ကျူးလွန်ချိုးဖောက်သူ ။ ။ မြန်မာ စစ်အစိုးရ၊ ၎င်းက ထောက်ခံပံ့ပိုးပေးထားသည့် ကြံ့ဖွံ့နှင့် စွမ်းအားရှင်များ။

**လူ့အခွင့်အရေး လှုပ်ရှားမှုများ**

- ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ် (ဗကသ)သို့ ဝင်ရောက်၍ (၁၉၈၈)ခုနှစ် လူထု အုံကြွမှုကြီးတွင် ပါဝင်လှုပ်ရှားသည်။
- (၁၉၉၁) ခုနှစ်တွင် စစ်ထောက်လှမ်းရေး၏ ဖမ်းဆီးခြင်းခံရပြီး၊ အင်းစိန်အကျဉ်းထောင်တွင် ချုပ်နှောင် ထိန်းသိမ်းခံရသည်။
- (၁၉၉၆) ခုနှစ် ဒီဇင်ဘာလ ကျောင်းသားဆန္ဒပြပွဲတွင် တက်ကြွစွာ ပါဝင်လှုပ်ရှားခဲ့ပြီး၊ ရဲချုပ်၏ အမိန့်ကို ဖီဆန်၍ လမ်းမပေါ်တက် ဆန္ဒပြသောကြောင့် ထိုနေရာတွင်ပင် ချက်ချင်းဖမ်းဆီးခံရသည်။
- (၁၉၉၇) ခုနှစ်၊ ဇန်နဝါရီလတွင် ထောင်ဒဏ်(၁၀)နှစ် အပြစ်ပေးခံရပြီး၊ အချုပ်ကျနေစဉ်ကာလအတွင်း မတရား၊ မမျှတမှုများအတွက် အခြားအနည်းစုသော အကျဉ်းသားများနှင့်အတူ အာဏာဖီဆန်ရေး လှုပ် ရှားမှုများ လုပ်ဆောင်ခဲ့သည်။
- (၁၉၉၅) ခုနှစ်တွင် ပြန်လည်လွတ်မြောက်လာသည်။
- (၂၀၀၇) ခုနှစ်၊ ဩဂုတ်လ ကနဦးလမ်းလျှောက်ချီတက်ပွဲများတွင် တက်ကြွစွာ ဦးဆောင်ခဲ့သူဖြစ်သည်။ အခြားသော ၈၈ မျိုးဆက်ကျောင်းသားများ အင်အားစုမှ အမျိုးသမီးခေါင်းဆောင်များ၊ အမျိုးသားဒီမို ကရေစီအဖွဲ့ချုပ်မှ အမျိုးသမီး လှုပ်ရှားသူများနှင့်အတူ လူ(၂၀၀၀)ခန့်ကို ဦးဆောင်စည်းရုံးလှုံ့ဆော်၍ လမ်းလျှောက် ချီတက်ခဲ့ကြသည်။

**မကြာသေးမီ ကာလက ဖြစ်ပွားခဲ့သော လူ့အခွင့်အရေး ကျူးလွန်ချိုးဖောက်ခံရမှု**

- (၂၀၀၇) ခုနှစ်၊ ဩဂုတ်လတွင် သူမ၏ ခင်ပွန်းဖြစ်သူ ကိုဂျင်မီမှ အခြားသော ကျောင်းသား လှုပ်ရှားသူ (၁၀၀) ခန့်နှင့်အတူ ဖမ်းဆီးထိန်းသိမ်းခံရပြီးနောက်ပိုင်း ရှောင်တိမ်းပုန်းအောင်းနေရသည်။
- မြန်မာစစ်အစိုးရ အလိုရှိနေသည့် အကြမ်းဖက်သမား(၅)ဦးစာရင်းတွင် ထည့်သွင်းစွပ်စွဲထားခြင်း ခံနေရသည်။
- သူမအပါအဝင် အခြားသော ၈၈မျိုးဆက် ကျောင်းသားခေါင်းဆောင်များ၏ ဓါတ်ပုံများကို အာဏာပိုင် များက ဖမ်းဆီးနိုင်ရန် ဖြန့်ဝေထားပြီး၊ ဖမ်းဆီးမိန့်ထုတ်ထားခြင်းလည်း ခံနေရသည်။

**လက်ရှိအခြေအနေ**

- ပုန်းအောင်းနေဆဲဖြစ်သည်။

- သူမသည် ပုန်းအောင်းနေရာမှ သတင်းဌာနများနှင့် ပြောဆိုဖြေကြားနေဆဲ ဖြစ်ပြီး၊ (၂၀၀၇) ခုနှစ်၊ ဩဂုတ်လ နှင့် စက်တင်ဘာလအတွင်း ဖြစ်ပွားခဲ့သည့် ဆန္ဒပြပွဲများကို စစ်အစိုးရက ရက်စက်စွာ ဖြိုခွင်းနှိမ်နင်းခဲ့မှုများကို ထုတ်ဖော်တင်ပြခဲ့သည်။

## ဤအမှုတွင် ညှိစွန်းချိုးဖောက်ခြင်း ခံနေရသော လူ့အခွင့်အရေးဆိုင်ရာ ဥပဒေများ

| | |
|---|---|
| UDHR | အပိုဒ် ၂၊ ၁၉၊ ၂၀ |
| HRD | အပိုဒ် ၁၊ ၂၊ ၅၊ |
| CEDAW | အပိုဒ် ၂၊ အပိုဒ် ၁၂ (VAW/ ၁၉၅၉)၊ အပိုဒ် ၂၊ ၅၊ ၁၁၊ ၁၂၊ ၁၆၊<br>အပိုဒ် ၁၉ (VAW/ ၁၉၉၂) (အပိုဒ် ၁၊ ၂၊ ၅၊ ၆၊ ၁၀၊ ၁၁၊ ၁၂၊ ၁၄၊ ၁၆)<br>အပိုဒ် (၂၃) (နိုင်ငံရေးနှင့် အစိုးရဆိုင်ရာ ကဏ္ဍများ၌ အမျိုးသမီးအခွင့်အရေးများ တန်းတူညီမျှရရှိရေးအတွက် အကောင်အထည်ဖော်လုပ်ဆောင်ပေးရမည့်ကိစ္စများ။ ၁၉၉၇) (အပိုဒ် ၄၊ ၇၊ ၈)။<br>အပိုဒ် (၂၄) (ကျန်းမာရေးနှင့် ပတ်သက်၍ အမျိုးသမီးအခွင့်အရေးများ တန်းတူညီမျှ ရရှိရေးအတွက် အကောင်အထည်ဖော်လုပ်ဆောင်ပေးရမည့်ကိစ္စများ။ ၁၉၉၉)<br>အပိုဒ် ၁၂၊ ၅၊ ၁၀၊ ၁၁၊ ၁၄)။ (အပိုဒ် ၁၂၊ ၅၊ ၁၀၊ ၁၁၊ ၁၄) |
| ICCPR | အပိုဒ် ၉၊ ၁၉၊ ၂၁ |
| CRC | အပိုဒ် ၃၊ ၆၊ ၁၀၊ ၁၈ |
| ASEAN | (VAW) ကြေငြာချက်၊ အပိုဒ် ၂၊ ၃၊ ၄ |

## လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူ အမျိုးသမီးများ၏ ကိုယ်ရေးအကျဉ်း
## အမှတ် (၄)။ မဖြူဖြူသင်း

| | |
|---|---|
| အမည် ။ | ။ မဖြူဖြူသင်း |
| အသက် ။ | ။ ၃၆ နှစ် |
| တာဝန်/ရာထူး ။ | ။ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် အဖွဲ့ဝင်၊ ခုခံအားကျဆင်းမှု ရောဂါ (အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်) ရောဂါဝေဒနာရှင်များအတွက် ခိုလှုံရာ နေရာတခုကို ဦးဆောင်စီမံနေသူ စေတနာရှင်တဦး ဖြစ်ပြီး၊ သူတို့အတွက် ပြုစုစောင့်ရှောက်မှုများ ပေးနေသူတဦး၊ ခုခံအားကျဆင်းမှု ရောဂါအရေး ဆောင်ရွက် လှုပ်ရှားနေသူ တဦးလည်း ဖြစ်သည်။ |
| လူ့အခွင့်အရေး ချိုးဖောက်ခံရသည့်နေရာ။ | ။ ရန်ကုန်မြို့။ |
| ကျူးလွန်ချိုးဖောက်သူ ။ | ။ မြန်မာ စစ်အစိုးရ။ |

## လူ့အခွင့်အရေး လှုပ်ရှားမှုများ

- အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်သို့ ဝင်ရောက်ပြီးနောက်၊ (၁၉၉၀) ပြည့်နှစ် ရွေးကောက်ပွဲကာလတွင် မဲအောင်နိုင်ရေးအတွက် စည်းရုံးလှုပ်ရှားသူတဦး ဖြစ်ခဲ့သည်။
- (၁၉၉၉)ခုနှစ် နှောင်းပိုင်းတွင် အာဏာပိုင်များ၏ ဖမ်းဆီးခံရပြီး၊ အင်းစိန်ထောင်တွင် (၄) လကျော်ထိန်းသိမ်းခံခဲ့ရသည်။ အကြောင်းမှာ ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့ပွဲအစီအစဉ်အတွက် ကူညီဆောင်ရွက်ပေးမှုကြောင့် ဖြစ်သည်။

- (၂၀၀၂) ခုနှစ်တွင် ခုခံအားကျဆင်းမှု ရောဂါအကြောင်း ပညာပေးရေးအတွက် အဓိက ဦးဆောင်လှုပ်ရှား သူဖြစ်လာခဲ့သည်။ သို့သော်လည်း အာဏာပိုင်များက သူမကို လုပ်ငန်းများ မချဲ့ထွင်နိုင်စေရန် တားဆီး ဟန့်တားမှုများ အစဉ်လုပ်ဆောင်နေခဲ့သည်။
- (၂၀၀၇) ခုနှစ်၊ မေလမှစ၍ ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးအတွက် လှုပ်ရှားမှုကို ဦးဆောင်စတင် ခဲ့သည်။ အာဏာပိုင်များ၏ တလကျော်ကြာ ဖမ်းဆီးထိန်းသိမ်းမှုလည်း ခံခဲ့ရသေးသည်။

**မကြာသေးမီ ကာလက ဖြစ်ပွားခဲ့သော လူ့အခွင့်အရေး ကျူးလွန်ချိုးဖောက်ခံရမှု**

- ၈၈ မျိုးဆက် ကျောင်းသားများ အင်အားစုနှင့် ပူးပေါင်း၍ (၂၀၀၇) ခုနှစ်၊ ဩဂုတ်လ (၁၉) ရက်နေ့တွင် ဆန္ဒပြပွဲများကို ငြိမ်းချမ်းစွာ စတင်လှုပ်ရှားခဲ့သည်။ ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင် (၁၃) ဦးကို စစ်အ စိုးရက ဖမ်းဆီးခဲ့ပြီးနောက် ပုန်းအောင်း ရှောင်တိမ်းနေရသည်။
- မြန်မာစစ်အစိုးရက ဖမ်းဆီးရန် အလိုရှိနေသည့် စာရင်းတွင် ထည့်သွင်းထားသည်။

**လက်ရှိအခြေအနေ**

- ပုန်းအောင်းနေဆဲ ဖြစ်သည်။

**ဤအမှုတွင် ညှိစွန်းချိုးဖောက်ခြင်း ခံနေရသော လူ့အခွင့်အရေးဆိုင်ရာ ဥပဒေများ**

| | |
|---|---|
| UDHR | အပိုဒ် ၂၊ ၁၉၊ ၂၀ |
| HRD | အပိုဒ် ၁၅၊ ၂၊ |
| CEDAW | အပိုဒ် ၂၊ အပိုဒ် ၁၂ (VAW၊ ၁၉၈၉)၊ အပိုဒ် ၂၊ ၅၊ ၁၁၊ ၁၂၊ ၁၆၊<br>အပိုဒ် ၁၉ (VAW/ ၁၉၉၂) (အပိုဒ် ၁၊ ၂၊ ၅၊ ၆၊ ၁၀၊ ၁၁၊ ၁၂၊ ၁၄၊ ၁၆)<br>အပိုဒ် (၂၃) (နိုင်ငံရေးနှင့် အစိုးရဆိုင်ရာ ကဏ္ဍများ၌ အမျိုးသမီး အခွင့်အရေးများ တန်းတူညီမျှ ရရှိရေးအတွက် အကောင်အထည်ဖော် လုပ်ဆောင်ပေးရမည့် ကိစ္စများ။ ၁၉၉၇) (အပိုဒ် ၄၊ ၇၊ ၈)။<br>အပိုဒ် (၂၄) (ကျန်းမာရေးနှင့် ပတ်သက်၍ အမျိုးသမီးအခွင့်အရေးများ တန်းတူညီမျှ ရရှိရေး အတွက် အကောင်အထည်ဖော် လုပ်ဆောင်ပေးရမည့် ကိစ္စများ။ ၁၉၉၉) (အပိုဒ် ၁၂၊ ၅၊ ၁၀၊ ၁၁၊ ၁၄)။ (အပိုဒ် ၁၂၊ ၅၊ ၁၀၊ ၁၁၊ ၁၄) |
| ICCPR | အပိုဒ် ၁၉၊ ၂၁ |

## လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူ အမျိုးသမီးများ၏ ကိုယ်ရေးအကျဉ်း
## အမှတ် (၅)။ မဉမ္မာ

| | | |
|---|---|---|
| အမည် | ။ | ။ မဉမ္မာ |
| အသက် | ။ | ။ ၃၉ နှစ် |
| တာဝန်/ရာထူး | ။ | ။ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်၊ တောင်ဒဂုံမြို့နယ်အဖွဲ့ဝင်။ |
| လူ့အခွင့်အရေး ချိုးဖောက်ခံရသည့်နေရာ။ | | ။ ရန်ကုန်မြို့။ |
| ကျူးလွန်ချိုးဖောက်သူ | ။ | ။ မြန်မာ စစ်အစိုးရ၊ တောင်ဒဂုံမြို့နယ် (မအဖ) ဥက္ကဌ ဦးကိုကိုလှိုင်နှင့် စစ်အစိုးရက ထောက်ခံပံ့ပိုးပေးထားသည့် ကြံ့ဖွံ့နှင့် စွမ်းအားရှင်များ။ |

### လူ့အခွင့်အရေး လှုပ်ရှားမှုများ
(၂၀၀၇) ခုနှစ်၊ ဩဂုတ်လတွင် ဖြစ်ပွားခဲ့သည့် ငြိမ်းချမ်းစွာ စစ်အစိုးရဆန့်ကျင်ဆန္ဒပြပွဲများတွင် ပါဝင်ခဲ့သည်။ အခြေခံလူ့အခွင့်အရေးများ ရရှိရေးအတွက် တောင်းဆိုခဲ့သည်။

### မကြာသေးမီ ကာလက ဖြစ်ပွားခဲ့သော လူ့အခွင့်အရေး ကျူးလွန်ချိုးဖောက်ခံရမှု
- (၂၀၀၇) ခုနှစ်၊ ဩဂုတ်လ (၂၃) ရက်နေ့တွင် ဒေသခံအာဏာပိုင်များနှင့် ၎င်းတို့ ကျောထောက်နောက်ခံပြုထားသည့် ကြံ့ဖွံ့နှင့် စွမ်းအားရှင်များ၏ စော်ကားတိုက်ခိုက်ခြင်း ခံခဲ့ရသည်။ ဤတိုက်ခိုက်မှုတွင် သူမ၏ ရင်ဘတ်ကို ပြင်းထန်စွာ ဆောင့်တွန်းခံရပြီး သူမနှင့် အခြားအမျိုးသမီးများကိုလည်း ကာယတ္တန္တြေပျက်စေရန် ထမီများကို လှန်၍ ဆွဲချွတ်ခံရသည်။ သူတို့၏ အင်္ကျီများ စုတ်ပြဲခဲ့ရပြီး၊ မျက်နှာကိုလည်း ရိုက်နှက်၊ ထိုးကြိတ်ခံရသည်။
- (၂၀၀၇) ခုနှစ်၊ စက်တင်ဘာလ (၁၉) ရက်နေ့၊ ည (၂း၀၀) နာရီခန့်တွင် အာဏာပိုင်များက သူမ၏ အိမ်သို့ ဝင်ရောက်ရှာဖွေခဲ့ပြီး၊ ဗိုလ်ချုပ်အောင်ဆန်း ရုပ်ပုံပါသည့် ငွေစက္ကူအားလုံးကို သိမ်းဆည်းသွားသည်။ ၎င်းတို့သည် နံနက် (၃း ၃၀)နာရီတွင် သူမကို ဖမ်းဆီးခေါ်ဆောင်သွားပြီး၊ ထိန်းသိမ်းရေးစခန်းတွင် ၄ ရက်ကြာချုပ်နှောင်ထားခဲ့သည်။ ထို့နောက် အင်းစိန်ထောင်သို့ ပြောင်းရွှေ့ခဲ့ပြီး ဆန္ဒပြပွဲတွင်ပါဝင်မှုနှင့် တရားစွဲဆိုထားသည်။
- ထိန်းသိမ်းခံနေရစဉ်အတွင်း၊ ဖမ်းဆီးထားသူများက ညသန်းခေါင်တွင် နှိုး၍ စစ်ဆေးမေးမြန်းခြင်းပြုသည်။ ဤသို့ မေးမြန်းရာတွင် ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင်များနှင့် သိကျွမ်းမှု ရှိ မရှိ၊ အောက်တိုဘာလ(၂၂)ရက်နေ့က ဆန္ဒပြသူများ ချီတက်ကြရာတွင် ဒေါ်အောင်ဆန်းစုကြည် အိမ်ရှေ့သို့ ချီတက်ရာ လမ်းကြောင်းကို မည်သူအစီအစဉ်ဆွဲသနည်း၊ စသဖြင့်မေးခွန်းများ မေးမြန်းခဲ့သည်။

### လက်ရှိအခြေအနေ
- (၂၀၀၇) ခုနှစ်၊ အောက်တိုဘာလ (၂၅) ရက်နေ့တွင် ပြန်လွတ်သည်။ သို့သော်လည်း စစ်ထောက်လှမ်းရေးများနှင့် ဒေသခံ အာဏာပိုင်များက အနီးကပ်စောင့်ကြည့်နေဆဲဖြစ်သည်။ သူမနှင့် သူမ၏ မိသားစုသွားရာနေရာတိုင်းတွင် စစ်ထောက်လှမ်းရေးများက မြင်သာသည့်နေရာမှ စောင့်ကြည့်နေကြသည်။ သူမ၏ အိမ်ထောင်စုစာရင်းကိုလည်း အာဏာပိုင်များက သိမ်းဆည်းသွားခဲ့သည်။

### ဤအမှုတွင် ညှိစွန်းချိုးဖောက်ခြင်း ခံနေရသော လူ့အခွင့်အရေးဆိုင်ရာ ဥပဒေများ

| | |
|---|---|
| UDHR | အပိုဒ် ၂၊ ၁၉၊ ၂၀ |
| HRD | အပိုဒ် ၁၊ ၂၊ ၅ |
| CEDAW | အပိုဒ် ၂၊ အပိုဒ် ၁၂ (VAW/ ၁၉၈၉)၊ အပိုဒ် ၂၊ ၅၊ ၁၁၊ ၁၂၊ ၁၆၊ |

အပိုဒ် ၁၉ (VAW/ ၁၉၉၂) (အပိုဒ် ၁၊ ၂၊ ၅၊ ၆၊ ၁၀၊ ၁၁၊ ၁၂၊ ၁၄၊ ၁၆)
အပိုဒ် (၂၃) (နိုင်ငံရေးနှင့် အစိုးရဆိုင်ရာ ကဏ္ဍများ၌ အမျိုးသမီး အခွင့်အရေးများ တန်းတူညီမျှ ရရှိရေးအတွက် အကောင်အထည်ဖော် လုပ်ဆောင်ပေးရမည့် ကိစ္စများ။ ၁၉၉၇) (အပိုဒ် ၄၊ ၇၊ ၈)။
အပိုဒ် (၂၄) (ကျန်းမာရေးနှင့် ပတ်သက်၍ အမျိုးသမီးအခွင့်အရေးများ တန်းတူညီမျှ ရရှိရေး အတွက် အကောင်အထည်ဖော် လုပ်ဆောင်ပေးရမည့် ကိစ္စများ။ ၁၉၉၉) (အပိုဒ် ၁၂၊ ၅၊ ၁၀၊ ၁၁၊ ၁၄)။ (အပိုဒ် ၁၂၊ ၅၊ ၁၀၊ ၁၁၊ ၁၄)

ICCPR　　အပိုဒ် ၉၊ ၁၉၊ ၂၁

ASEAN　　(VAW) ကြေငြာချက်၊ အပိုဒ် ၁၊ ၂၊ ၃

## လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူ အမျိုးသမီးများ၏ ကိုယ်ရေးအကျဉ်း
## အမှတ် (၆)။ နော်အုန်းလှ

အမည် ။ ။ နော်အုန်းလှ
အသက် ။ ။ ၄၆ နှစ်
တာဝန်/ရာထူး ။ ။ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်၊ အမျိုးသမီးရေးရာ အဖွဲ့ခွဲ၏ ခေါင်းဆောင် ဟောင်း။ အင်္ဂါနေ့တိုင်း ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသား များ လွတ်မြောက်ရေးအတွက် ဝတ်ပြုဆု တောင်းပွဲကို ဦးဆောင်လှုပ်ရှား သူ တဦးလည်း ဖြစ်သည်။
လူ့အခွင့်အရေးချိုးဖောက်ခံရသည့်နေရာ။ ။ မှော်ဘီမြို့၊ ရန်ကုန်မြို့ မြောက်ပိုင်း။
ကျူးလွန်ချိုးဖောက်သူ ။ ။ မြန်မာ စစ်အစိုးရ၊ ဒေသခံ (မအဖ) အာဏာပိုင်များနှင့် ဒေသဆိုင်ရာ တရား သူကြီးများ။

## လူ့အခွင့်အရေး လှုပ်ရှားမှုများ

- အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်၏ တက်ကြွသည့် ယခင် အဖွဲ့ဝင်တဦး ဖြစ်သည်။
- (၂၀၀၄) ခုနှစ်၊ ဇူလိုင်လမှစ၍ ရွှေတိဂုံဘုရားတွင် အပတ်စဉ် ဝတ်ပြုဆုတောင်းသည့် အုပ်စုကို စတင်စည်း ရုံးဦးဆောင်ခဲ့ပြီး၊ ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာနိုင်ငံရှိ နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေး အတွက် တိတ်ဆိတ်ငြိမ်သက်စွာ ဆုတောင်းခြင်း ပြုကြသည်။
- (၂၀၀၇) ခုနှစ်၊ သြဂုတ်လ ဆန္ဒပြပွဲများတွင် ပါဝင်လှုပ်ရှားခဲ့ပြီး၊ စစ်အစိုးရ၏ ကြံ့ဖွံ့အဖွဲ့ဝင်များက ဖမ်းဆီး ကာ မှော်ဘီရှိ မြို့နယ် (မအဖ) အုပ်ချုပ်ရေးရုံးသို့ ခေါ်ဆောင်လာခဲ့သည်။ သူတို့ကို ထိုနေ့ညနေပိုင်းအထိ ချုပ်နှောင်ထားခဲ့သည်။ အာဏာပိုင်များက သူမကို လူထုဆူပူစေရန်အတွက် လှုံ့ဆော်စည်းရုံးကြောင်း ဝန်ခံထွက်ဆိုချက် စာတစောင်ကို လက်မှတ်ရေးထိုးခိုင်းသော်လည်း သူမက ငြင်းဆိုခဲ့သည်။ ၎င်းတက်ကြွ လှုပ်ရှားသူများကို ထိုနေ့ညပိုင်းတွင် ပြန်လွှတ်ပေးခဲ့သည်။

## မကြာသေးမီ ကာလက ဖြစ်ပွားခဲ့သော လူ့အခွင့်အရေး ကျူးလွန်ချိုးဖောက်ခံရမှု

- (၂၀၀၇) ခုနှစ်၊ တနှစ်လုံးတွင် လုံခြုံရေးတပ်ဖွဲ့များနှင့် ၎င်းတို့ကိုယ်စား တာဝန်ယူဆောင်ရွက်ပေးကြသည့် ဘုရားဂေါပက လူကြီးများ၏ စော်ကားနှောင့်ယှက်ခြင်းကို အမြဲတစေ သူမခံခဲ့ရသည်။

- ပုဂ္ဂလိက စာစောင်(၃၀)တွင် သူမကို သိက္ခာချရန် ရည်ရွယ်ချက်ဖြင့် စော်ကားပုတ်ခတ်ထားသည့် ဆောင်းပါးများကို ပုံနှိပ်ဖော်ပြခဲ့ကြသည်။ သူမကို ရန်ကုန်မြို့တွင် ရှိခဲ့ဖူးပြီး ယခုအခါ ကွယ်လွန်ပြီဖြစ်သည့် နာမည်ကြီး ပြည့်တန်ဆာခေါင်း အမျိုးသမီးကြီးတဦးနှင့် နှိုင်းယှဉ်ချိတ်ဆက်၍ ဖော်ပြခဲ့သည်။
- (၂၀၀၇) ခုနှစ်၊ ဇန်နဝါရီလတွင် သူမက ဤဆောင်းပါးဖော်ပြသည့် စာစောင်များ၏ အယ်ဒီတာ ၁၂၃ ဦးနှင့် ပုံနှိပ် ထုတ်ဝေသူများကို တရားစွဲဆိုခဲ့သော်လည်း၊ အမှုကို တရားရုံးက ပယ်ချခဲ့သည်။
- လူထုဆူပူစေရန်အတွက် လှုံ့ဆော်စည်းရုံးကြောင်း ဝန်ခံထွက်ဆိုချက် စာတစောင်ကို လက်မှတ်ရေးထိုးခိုင်းသော်လည်း သူမက ငြင်းဆိုခဲ့သည့်အတွက်၊ (၂၀၀၇) ခုနှစ်၊ အောက်တိုဘာလ (၁၂) ရက်နေ့တွင် "၁၉၆၁ ခုနှစ် ခြေချုပ်နှင့် ခံဝန်အက်ဥပဒေ" ဖြင့် စွဲဆိုခဲ့ပြီး၊ သူမနေထိုင်ရာ မြို့နယ်မှ လာမည့်နှစ်အတွင်း ခွင့်ပြုချက်မရှိဘဲ မထွက်ခွာရန် တားမြစ်ကန့်သတ်ခံခဲ့ရသည်။ အခြားဒေသများတွင်လည်း ရွှေ့ပြောင်းနေထိုင်ခွင့် မရှိပါ။ ထို့အပြင် ဒေသရှိရဲစခန်းသို့ (၇)ရက်တခါ သတင်းပို့ရန် လိုအပ်သည်။ ဤသို့ စွပ်စွဲရသည့် အချက်မှာ သူမ၏ကျေးရွာရှိ မှတ်ပုံတင်စာရင်းတွင် "လိပ်စာအတည်တကျ ရှိမနေခြင်း"နှင့် "အလုပ်အကိုင် အတည်တကျ ရှိမနေခြင်း" တို့ကြောင့် ဖြစ်သည်။ ဤအမှုကို စီရင်ဆုံးဖြတ်ရာတွင်လည်း ရှေ့နေဖြင့် ကိုယ်စားပြုခွင့် မပေးခဲ့ပါ။ ဒေသခံ အာဏာပိုင်များနှင့် ရဲများကသာ အမှုအတွက် တရားလိုအဖြစ် ဆောင်ရွက်ခဲ့ကြပါသည်။

## လက်ရှိအခြေအနေ

- မြန်မာ စစ်အစိုးရ၏ စစ်ထောက်လှမ်းရေးများက အနီးကပ်စောင့်ကြည့်ခံနေရသည်။

## ဤအမှုတွင် ညှိနှိုင်းချိုးဖောက်ခြင်း ခံနေရသော လူ့အခွင့်အရေးဆိုင်ရာ ဥပဒေများ

| | |
|---|---|
| UDHR | အပိုဒ် ၂၊ ၁၉၊ ၂၀ |
| HRD | အပိုဒ် ၁၊ ၂၊ ၅ |
| CEDAW | အပိုဒ် ၂၊ အပိုဒ် ၁၂ (VAW၊ ၁၉၈၉)၊ အပိုဒ် ၂၊ ၅၊ ၁၁၊ ၁၂၊ ၁၆၊<br>အပိုဒ် ၁၉ (VAW၊ ၁၉၉၂) (အပိုဒ် ၁၊ ၂၊ ၅၊ ၆၊ ၁၀၊ ၁၁၊ ၁၂၊ ၁၄၊ ၁၆)<br>အပိုဒ် (၂၃) (နိုင်ငံရေးနှင့် အစိုးရဆိုင်ရာ ကဏ္ဍများ၌ အမျိုးသမီး အခွင့်အရေးများ တန်းတူညီမျှ ရရှိရေးအတွက် အကောင်အထည်ဖော် လုပ်ဆောင်ပေးရမည့် ကိစ္စများ။ ၁၉၉၇) (အပိုဒ် ၄၊ ၇၊ ၈)။<br>အပိုဒ် (၂၄) (ကျန်းမာရေးနှင့် ပတ်သက်၍ အမျိုးသမီးအခွင့်အရေးများ တန်းတူညီမျှ ရရှိရေး အတွက် အကောင်အထည်ဖော် လုပ်ဆောင်ပေးရမည့် ကိစ္စများ။ ၁၉၉၉) (အပိုဒ် ၁၂၊ ၅၊ ၁၀၊ ၁၁၊ ၁၄)။ (အပိုဒ် ၁၂၊ ၅၊ ၁၀၊ ၁၁၊ ၁၄) |
| ICCPR | အပိုဒ် ၁၉၊ ၂၁ |
| ASEAN | (VAW) ကြေငြာချက်၊ အပိုဒ် ၁၊ ၂၊ ၃ |

## လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူ အမျိုးသမီးများ၏ ကိုယ်ရေးအကျဉ်း
## အမှတ် (၇)။ မသက်သက်အောင်

အမည် ။ ။ မသက်သက်အောင်
အသက် ။ ။ ၃၀ နှစ်
အိမ်ထောင်ရေး ။ ။ ရှိ (အခြား လူ့အခွင့်အရေးလှုပ်ရှားသူတဦးဖြစ်သည့် ကိုချစ်ကိုလင်းနှင့် အိမ်ထောင်ပြုထားသည်။)
ကလေး ။ ။ ၃ ဦး (၈ နှစ်၊ ၆ နှစ်နှင့် အငယ်ဆုံး ၁ နှစ်သားကလေးဖြစ်သည်။ အငယ်ဆုံးကလေးမှာ ကျန်းမာရေး မကောင်းပါ။)
တာဝန်/ရာထူး ။ ။ ဒီမိုကရေစီအရေး လှုပ်ရှားသူ။ ၈၈ မျိုးဆက် ကျောင်းသားများ အင်အားစု၏ အရေးပါသည့် အမျိုးသမီးခေါင်းဆောင်တဦးလည်း ဖြစ်သည်။
လူ့အခွင့်အရေး ချိုးဖောက်ခံရသည့်နေရာ။ ။ ရန်ကုန်မြို့။
ကျူးလွန်ချိုးဖောက်သူ ။ ။ မြန်မာ စစ်အစိုးရ။

### လူ့အခွင့်အရေး လှုပ်ရှားမှုများ
- ဒီမိုကရေစီ လှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။

### မကြာသေးမီ ကာလက ဖြစ်ပွားခဲ့သော လူ့အခွင့်အရေး ကျူးလွန်ချိုးဖောက်ခံရမှု
- (၂၀၀၇) ခုနှစ်၊ အောက်တိုဘာလ (၈) ရက်နေ့တွင် အာဏာပိုင်များက သူမ၏ခင်ပွန်း ကိုချစ်ကိုလင်းနှင့်အတူ ရန်ကုန်မြို့ မင်္ဂလာဈေးအနီးတွင် ဖမ်းဆီးရန် ကြိုးပမ်းခဲ့သည်။ သူမခင်ပွန်း အဖမ်းခံရသော်လည်း သူမ လွတ်မြောက်လာခဲ့သည်။ ပုန်းအောင်း တိမ်းရှောင်နေရသည်။
- အောက်တိုဘာလ(၉)ရက် ည (၂း၀၀) နာရီခန့်တွင် အာဏာပိုင်များ နေအိမ်သို့ရောက်လာကြပြီး၊ အိမ်ကို ဝိုင်းဝန်းပိတ်ဆို့၍ အနီးရှိ အိမ်များကိုလည်း ဝင်ရောက်စစ်ဆေး ရှာဖွေသည်။ သူမအဒေါ်၏ အိမ်တွင် ညနေ(၆း၀၀)နာရီ အထိ ဖမ်းဆီးရန် စောင့်နေခဲ့ကြသည်။ အာဏာပိုင်များသည် သူမ၏ နိုင်ငံသား မှတ်ပုံတင်ကဒ်ပြားကို သိမ်းဆည်းသွားခဲ့သည်။ အာဏာပိုင်များက နောက်တနေ့တွင် ပြန်လာကြပြီး သူမ၏ အမေနှင့် ယောက္ခမကို ဖမ်းဆီးသွားခဲ့သည်။
- အောက်တိုဘာလ (၁၇) ရက်နေ့တွင် အာဏာပိုင်များက အသက် (၅၆) နှစ်ရှိပြီ ဖြစ်သည့် သူမ၏ အမေ၊ အသက် (၇၀) ကျော်ရှိပြီ ဖြစ်သည့် ယောက္ခမကို ဖမ်းဆီးထိန်းသိမ်းထားပြီး၊ သူမကိုယ်တိုင် လာရောက်အဖမ်းမခံမချင်း သူမ၏ မိဘများနှင့် ယောက္ခမကို လွှတ်ပေးမည် မဟုတ်ဟု ပြန်ပေးဆွဲသည့်သဖွယ် ပြုမူခဲ့သည်။
- (၂၀၀၇) ခုနှစ်၊ အောက်ဆိုဘာလ (၁၉) ရက် နံနက် စောစော (၁း၀၀) နာရီခန့်တွင် သူမသည် ရန်ကုန်မြို့၊ တာမွေ၌ ဖမ်းဆီးခံခဲ့ရသည်။

### လက်ရှိအခြေအနေ
- ဖမ်းဆီးထိန်းသိမ်းခံထားရဆဲ ဖြစ်သည်။

### ဤအမှုတွင် ညှိစွန်းချိုးဖောက်ခြင်း ခံနေရသော လူ့အခွင့်အရေးဆိုင်ရာ ဥပဒေများ

**UDHR** အပိုဒ် ၂၊ ၅၊ ၉၊ ၁၉၊ ၂၀
**HRD** အပိုဒ် ၁၊ ၂၊ ၅၊ ၉၊ ၁၂
**CEDAW** အပိုဒ် ၂၊ အပိုဒ် ၁၂ (VAW၊ ၁၉၈၉)၊ အပိုဒ် ၂၊ ၅၊ ၁၁၊ ၁၂၊ ၁၆၊

အပိုဒ် ၁၉ (VAW၊ ၁၉၈၉) (အပိုဒ် ၁၊ ၂၊ ၅၊ ၆၊ ၁၀၊ ၁၁၊ ၁၂၊ ၁၄၊ ၁၆)
အပိုဒ် ၁၉ (VAW၊ ၁၉၉၂)
အပိုဒ် (၂၃) (နိုင်ငံရေးနှင့် အစိုးရဆိုင်ရာ ကဏ္ဍများ၌ အမျိုးသမီး အခွင့်အရေးများ တန်းတူညီမျှ ရရှိရေးအတွက် အကောင်အထည်ဖော် လုပ်ဆောင်ပေးရမည့် ကိစ္စများ။ ၁၉၉၇) (အပိုဒ် ၄၊ ၇၊ ၈)။
အပိုဒ် (၂၄) (ကျန်းမာရေးနှင့် ပတ်သက်၍ အမျိုးသမီးအခွင့်အရေးများ တန်းတူညီမျှ ရရှိရေး အတွက် အကောင်အထည်ဖော် လုပ်ဆောင်ပေးရမည့် ကိစ္စများ။ ၁၉၉၉) (အပိုဒ် ၁၂၊ ၅၊ ၁၀၊ ၁၁၊ ၁၄)။ (အပိုဒ် ၁၂၊ ၅၊ ၆၊ ၁၀၊ ၁၁၊ ၁၂၊ ၁၄၊ ၁၆)

ICCPR အပိုဒ် ၇၊ ၉၊ ၁၉၊ ၂၁
CRC အပိုဒ် ၃၊ ၆၊ ၁၀၊ ၁၈
ASEAN (VAW) ကြေငြာချက်၊ အပိုဒ် ၂၊ ၃၊ ၄

## လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူ အမျိုးသမီးများ၏ ကိုယ်ရေးအကျဉ်း
## အမှတ် (၈)။ မနီမိုလှိုင်

အမည် ။ ။ မနီမိုလှိုင်
အသက် ။ ။ ၃၈ နှစ်
တာဝန်/ရာထူး ။ ။ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (ဗဟို) လူငယ်ဌာနခွဲနှင့် တွဲဘက်လုပ်ရှား နေသည်။
လူ့အခွင့်အရေး ချိုးဖောက်ခံရသည့်နေရာ။ ။ ရန်ကုန်မြို့။
ကျူးလွန်ချိုးဖောက်သူ ။ ။ မြန်မာ စစ်အစိုးရနှင့် ကြံ့ဖွံ့ အဖွဲ့ဝင်များ။ ဒေသခံ အာဏာပိုင်များ။

### လူ့အခွင့်အရေး လှုပ်ရှားမှုများ

- ၁၉၈၈ ခုနှစ် လူထုအုံကြွမှုတွင် တက်ကြွသည့် တက္ကသိုလ်ကျောင်းသူတဦး အနေဖြင့် ပါဝင်လှုပ်ရှားခဲ့သည်။
- ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ် (ဗကသ) ၏ အဖွဲ့ဝင်တဦး ဖြစ်သည်။
- ပြည်သူ့ ဖွံ့ဖြိုးတိုးတက်ရေးပါတီသို့ ဝင်ရောက်ခဲ့သည်။
- အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်အတွက် ရွေးကောက်ပွဲအောင်နိုင်ရေး မဲဆွယ်လှုပ်ရှားမှုများတွင် ပါဝင် ဆောင်ရွက်ခဲ့သည်။
- (၁၉၉၈) ခုနှစ်တွင် ဖမ်းဆီးထိန်းသိမ်းခံရပြီး၊ အင်းစိန်ထောင်၌ အကျဉ်းချခံရသည်။ အကြောင်းမှာ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၏ ထုတ်ပြန်ကြေငြာချက် အမှတ် (၃၅/၉၈) (၁၉၉၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ထုတ်ပြန်) ကို စည်းရုံးထောက်ခံပေးခဲ့သောကြောင့် ဖြစ်သည်။
- ထောင်မှ ပြန်လွတ်မြောက်လာချိန် (၁၉၉၉) ခုနှစ်မှစ၍ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (ဗဟို)ရုံး လူငယ်ဌာနခွဲ၌ တာဝန်ပေးခံရသည်။

### မကြာသေးမီ ကာလက ဖြစ်ပွားခဲ့သော လူ့အခွင့်အရေး ကျူးလွန်ချိုးဖောက်ခံရမှု

- (၂၀၀၇) ခုနှစ်၊ ဩဂုတ်လ (၂၀) ရက်နေ့မှ (၂၃) ရက်နေ့အထိ လောင်စာဆီဈေးနှုန်းများ တိုးမြှင့်လိုက်မှု အပေါ် ချီတက်လမ်းလျှောက် ဆန္ဒပြပွဲများ၌ ၈၈ မျိုးဆက် ကျောင်းသားများ အင်အားစုများနှင့်အတူ ပူး ပေါင်း၍ ငြိမ်းချမ်းစွာ လမ်းလျှောက်ဆန္ဒပြခဲ့သည်။

- ဤလမ်းလျှောက်ဆန္ဒပြပွဲများအား တားဆီးရန်အတွက် ကြံ့ခိုင်ဖွံ့ဖြိုးရေးအဖွဲ့ဝင်များနှင့် ဒေသဆိုင်ရာ အာဏာပိုင်များ၏ အကြိမ်ကြိမ်ရိုက်နှက်ခြင်းကို ခံရသည်။ သူမ၏ အင်္ကျီစုတ်ပြဲခဲ့ရပြီး၊ သူမနာရီလည်း ကြိုးပြတ် ခဲ့ရသည်။
- အာဏာပိုင်များက ဆန္ဒပြခေါင်းဆောင်များကို လိုက်လံဖမ်းဆီးသည့် (၂၀၀၇) ခုနှစ် ဩဂုတ်လ (၂၃) နှင့် (၂၄) ရက်နေ့များမှ စ၍ ရှောင်တိမ်းပုန်းအောင်းနေရသည်။

**လက်ရှိအခြေအနေ**
ပုန်းအောင်းတိမ်းရှောင်နေရဆဲ ဖြစ်သည်။

**ဤအမှုတွင် ညှိစွန်းချိုးဖောက်ခြင်း ခံနေရသော လူ့အခွင့်အရေးဆိုင်ရာ ဥပဒေများ**

| | |
|---|---|
| UDHR | အပိုဒ် ၂၊ ၁၉၊ ၂၀ |
| HRD | အပိုဒ် ၁၊ ၂၊ ၅၊ |
| CEDAW | အပိုဒ် ၂၊ အပိုဒ် ၁၂ (VAW/ ၁၉၈၉)၊ အပိုဒ် ၂၊ ၅၊ ၁၁၊ ၁၂၊ ၁၆၊<br>အပိုဒ် ၁၉ (VAW/ ၁၉၉၂) (အပိုဒ် ၁၊ ၂၊ ၅၊ ၆၊ ၁၀၊ ၁၁၊ ၁၂၊ ၁၄၊ ၁၆)<br>အပိုဒ် (၂၃) (နိုင်ငံရေးနှင့် အစိုးရဆိုင်ရာ ကဏ္ဍများ၌ အမျိုးသမီး အခွင့်အရေးများ တန်းတူညီမျှ ရရှိရေးအတွက် အကောင်အထည်ဖော် လုပ်ဆောင်ပေးရမည့် ကိစ္စများ။ ၁၉၉၇) (အပိုဒ် ၄၊ ၇၊ ၈)။<br>အပိုဒ် (၂၄) (ကျန်းမာရေးနှင့် ပတ်သက်၍ အမျိုးသမီးအခွင့်အရေးများ တန်းတူညီမျှ ရရှိရေး အတွက် အကောင်အထည်ဖော် လုပ်ဆောင်ပေးရမည့် ကိစ္စများ။ ၁၉၉၉) (အပိုဒ် ၁၂၊ ၅၊ ၁၀၊ ၁၁၊ ၁၄)။ |
| ICCPR | အပိုဒ် ၁၉၊ ၂၁ |
| ASEAN | (VAW) ကြေငြာချက်၊ အပိုဒ် ၁၊ ၂၊ ၃၊ |

**လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူ အမျိုးသမီးများ၏ ကိုယ်ရေးအကျဉ်း**
**အမှတ် (၉)။ မတင်မိုးလွင်**

အမည် ။ ။ မတင်မိုးလွင်
အသက် ။ ။ ၃၅ နှစ်
တာဝန်/ရာထူး ။ ။ စေတနာ့ဝန်ထမ်း၊ ဒီမိုကရေစီအရေး လှုပ်ရှားသူ။
လူ့အခွင့်အရေး ချိုးဖောက်ခံရသည့်နေရာ။ ။ ရန်ကုန်မြို့။
ကျူးလွန်ချိုးဖောက်သူ ။ ။ မြန်မာ စစ်အစိုးရနှင့် ၎င်းက ကျောထောက်နောက်ခံပြုထားသည့် အဖွဲ့များ။

**လူ့အခွင့်အရေး လှုပ်ရှားမှုများ**
- ၁၉၈၈ ခုနှစ် လူထုအုံကြွမှုတွင် တက်ကြွသည့် ကျောင်းသူတဦးအဖြစ် ရခိုင်ပြည်နယ်၊ သံတွဲမြို့တွင် ပါဝင် လှုပ်ရှားခဲ့ သည်။
- ရန်ကုန်မြို့ ဆင်ခြေဖုံးဒေသများတွင် လူမှုရေးလုပ်ငန်းများ စေတနာ့ဝန်ထမ်းအဖြစ် စတင်ဆောင်ရွက်ခဲ့ပြီး၊ (၂၀၀၅) ခုနှစ်တွင် ၈၈မျိုးဆက် ကျောင်းသားများ အင်အားစု၏ အဖွဲ့ဝင်တဦး ဖြစ်လာခဲ့သည်။ (၂၀၀၆) ခုနှစ်အတွင်း အဖွဲ့၏ လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။

### မကြာသေးမီ ကာလက ဖြစ်ပွားခဲ့သော လူ့အခွင့်အရေး ကျူးလွန်ချိုးဖောက်ခံရမှု

- (၂၀၀၇) ခုနှစ်၊ ဩဂုတ်လ (၁၉) ရက်နေ့တွင် လောင်စာဆီဈေးနှုန်း မြှင့်တင်လိုက်သည့်အပေါ် ဆန္ဒပြပွဲ၌ ပူးပေါင်း ချီတက်ခဲ့သည်။
- (၂၀၀၇) ခုနှစ်၊ ဩဂုတ်လ (၂၂) ရက်နေ့တွင် အာဏာပိုင်များက အိမ်ကို ဝင်ရောက်ဖမ်းဆီးရာ ကံကောင်း ထောက်မ၍ လွတ်မြောက်ခဲ့ပြီး၊ ပုန်းအောင်းတိမ်းရှောင်နေရသည်။
- အခြားအမျိုးသမီးတက်ကြွလှုပ်ရှားသူ (၃) ဦးနှင့်အတူ ကုလသမဂ္ဂသို့ စာရေးသားပေးပို့ခဲ့ပြီး၊ မြန်မာနိုင်ငံရှိ အမျိုးသမီးများ၏ လုံခြုံရေးနှင့် ကာကွယ်မှုပေးနိုင်ရေးအတွက် တောင်းဆိုခဲ့သည်။ (၂၀၀၇) ခုနှစ်၊ ဩဂုတ်လနှင့် စက်တင်ဘာလ ငြိမ်းချမ်းစွာဆန္ဒပြပွဲများအတွင်း ပါဝင်ခဲ့ကြသူများကို စစ်အစိုးရက ဆက်လက်ဖမ်းဆီးနေမှုကို ရပ်တန့်စေရန် အတွက် ဖိအားပေးပါရန် တောင်းဆိုခဲ့သည်။

### လက်ရှိအခြေအနေ

ပုန်းအောင်း တိမ်းရှောင်နေရဆဲ ဖြစ်သည်။

### ဤအမှုတွင် ညှိစွန်းချိုးဖောက်ခြင်းခံနေရသော လူ့အခွင့်အရေးဆိုင်ရာ ဥပဒေများ

| | |
|---|---|
| UDHR | အပိုဒ် ၂၊ ၁၉၊ ၂၀ |
| HRD | အပိုဒ် ၁၊ ၂၊ ၅ |
| CEDAW | အပိုဒ် ၂၊ အပိုဒ် ၁၂ (VAW/ ၁၉၈၉)၊ အပိုဒ် ၂၊ ၅၊ ၁၁၊ ၁၂၊ ၁၆၊ အပိုဒ် ၁၉ (VAW/ ၁၉၉၂) (အပိုဒ် ၁၊ ၂၊ ၅၊ ၆၊ ၁၀၊ ၁၁၊ ၁၂၊ ၁၄၊ ၁၆) အပိုဒ် (၂၃) (နိုင်ငံရေးနှင့် အစိုးရဆိုင်ရာ ကဏ္ဍများ၌ အမျိုးသမီး အခွင့်အရေးများ တန်းတူညီမျှ ရရှိရေးအတွက် အကောင်အထည်ဖော် လုပ်ဆောင်ပေးရမည့် ကိစ္စများ။ ၁၉၉၇) (အပိုဒ် ၄၊ ၇၊ ၈)။ အပိုဒ် (၂၄) (ကျန်းမာရေးနှင့် ပတ်သက်၍ အမျိုးသမီးအခွင့်အရေးများ တန်းတူညီမျှ ရရှိရေး အတွက် အကောင်အထည်ဖော် လုပ်ဆောင်ပေးရမည့် ကိစ္စများ။ ၁၉၉၉) (အပိုဒ် ၁၂၊ ၅၊ ၁၀၊ ၁၁၊ ၁၄)။ (အပိုဒ် ၁၂၊ ၅၊ ၁၀၊ ၁၁၊ ၁၄) |
| ICCPR | အပိုဒ် ၁၉၊ ၂၁ |
| ASEAN | (VAW) ကြေငြာချက်၊ အပိုဒ် ၁၊ ၂၊ ၃ |

### လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူ အမျိုးသမီးများ၏ ကိုယ်ရေးအကျဉ်း
### အမှတ် (၁၀)။ မနွဲ့နွဲ့ဝင်း

| | | |
|---|---|---|
| အမည် | ။ | ။ မနွဲ့နွဲ့ဝင်း |
| အသက် | ။ | ။ ၄၇ နှစ် |
| အိမ်ထောင်ရေး | ။ | ။ အိမ်ထောင်ကွဲ၊ ကွာရှင်းပြီး။ |
| ကလေး | ။ | ။ ၁– ဦး |
| တာဝန်/ရာထူး | ။ | ။ အမျိုးသား ဒီမိုကရေစီအရေး အဖွဲ့ချုပ်၊ အဖွဲ့ဝင်။ |
| လူ့အခွင့်အရေး ချိုးဖောက်ခံရသည့်နေရာ။ | | ။ ရန်ကုန်မြို့။ |
| ကျူးလွန်ချိုးဖောက်သူ | ။ | ။ မြန်မာ စစ်အစိုးရ |

### လူ့အခွင့်အရေး လှုပ်ရှားမှုများ

- ၁၉၉၅ ခုနှစ်မှစ၍ ဒေါ်အောင်ဆန်းစုကြည်နှင့် အနီးကပ် တာဝန်ယူ လှုပ်ရှားခဲ့သည်။

- အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်၏ လူမှုရေးလုပ်ငန်းများတွင် ပါဝင်ကူညီခဲ့ပြီး၊ အဟာရ မပြည့်ဝသော ကလေးများကို ကျွေးမွေးခြင်း၊ ဖျားနာနေသူများအား ကူညီပေးခြင်း ပြုခဲ့သည်။
- (၂၀၀၇) ခုနှစ်၊ ဖွန်လမှစ၍ ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးအတွက် အင်္ဂါနေ့တိုင်း ဝတ်ပြုဆုတောင်းကြသူများနှင့် ပူးပေါင်းပါဝင်ခဲ့သည်။ အမြဲတစေ စစ်ထောက်လှမ်းရေးများ၏ နောက်ယှက်ပေးမှုကို ခံကြရပြီး၊ ဝတ်ပြုဆုတောင်းနေစဉ် အနောက်အယှက် ဖြစ်စေရန် ဆူပူအော်ဟစ်ခြင်းများ လုပ်လေ့ရှိသည်။
- ကိုမင်းကိုနိုင်နှင့် အခြားကျောင်းသားများ ဦးဆောင်သည့် (၂၀၀၇) ခုနှစ်၊ ဩဂုတ်လ (၁၉) ရက် လမ်းလျှောက်ချီတက်ပွဲတွင် ဝိုင်းဝန်းစည်းရုံး၍ ပါဝင်လှုပ်ရှားခဲ့သည်။ ကိုမင်းကိုနိုင်နှင့် အခြားခေါင်းဆောင်များ ဖမ်းဆီးခံရသည့်အခါ စက်တင်ဘာလတိုင်အောင် အခြားသော လှုပ်ရှားသူများနှင့် ပူးပေါင်း၍ ဆက်လက် ဆန္ဒပြလှုပ်ရှားနေခဲ့သည်။
- စမ်းချောင်းမြို့နယ်တွင် အရေးပါသည့် ဆန္ဒပြပွဲ စည်းရုံးရေးသမားတဦး ဖြစ်သည်။

## မကြာသေးမီ ကာလက ဖြစ်ပွားခဲ့သော လူ့အခွင့်အရေး ကျူးလွန်ချိုးဖောက်ခံရမှု

- (၂၀၀၇) ခုနှစ်၊ စက်တင်ဘာလ အကြမ်းဖက် ဖြိုခွဲနှိမ်နင်းချိန်မှစ၍ အာဏာပိုင်များက လိုက်လံရှာဖွေနေသောကြောင့် တိမ်းရှောင်ထွက်ပြေး၍ နေခဲ့ရသည်။
- စက်တင်ဘာလ (၂၈)ရက်နေ့တွင်၊ စမ်းချောင်းမြို့နယ်၊ အမှတ် (၂၄) ရဲစခန်းမှ ရဲအရာရှိတဦးရောက်လာပြီး သူမကို ရှာဖွေခဲ့သည်။ အကြောင်းမှာ စစ်ထောက်လှမ်းရေးများထံမှတဆင့် သူမထိုနေရာတွင် ရှိနေကြောင်းသတင်းများ သိရှိခဲ့ရသောကြောင့် ဖြစ်သည်။ ရဲများက သူမနေထိုင်ရာအိမ်၏ နေရာတိုင်းကို ရှာဖွေခဲ့သည်။ သူမဘေးမသီရန်မခထွက်ပြေးလွတ်မြောက်နိုင်ခဲ့ပြီး နောက်ပိုင်းတွင် အိမ်သို့ပြန်နေရန် မဖြစ်နိုင်တော့ပါ။

## လက်ရှိအခြေအနေ

ဖမ်းဆီးခံရမည်ကို စိုးရိမ်၍ နယ်စပ်သို့ ထွက်ပြေးလာခဲ့ရသည်။ သို့သော်လည်း မြန်မာ စစ်အစိုးရ အာဏာပိုင်များက အိမ်သို့ လာရောက် မေးမြန်းနေဆဲဖြစ်ကြောင်း သိရသည်။

## ဤအမှုတွင် ညှိစွန်းချိုးဖောက်ခြင်းခံနေရသော လူ့အခွင့်အရေးဆိုင်ရာ ဥပဒေများ

| | |
|---|---|
| UDHR | အပိုဒ် ၂၊ ၅၊ ၉၊ ၁၉၊ ၂၀ |
| HRD | အပိုဒ် ၁၊ ၂၊ ၅၊ ၉၊ ၁၂ |
| CEDAW | အပိုဒ် ၂၊ အပိုဒ် ၁၂ (VAW၊ ၁၉၈၉)၊ အပိုဒ် ၂၊ ၅၊ ၁၁၊ ၁၂၊ ၁၆၊<br>အပိုဒ် ၁၉ (VAW/ ၁၉၉၂) (အပိုဒ် ၁၊ ၂၊ ၅၊ ၆၊ ၁၀၊ ၁၁၊ ၁၂၊ ၁၄၊ ၁၆)<br>အပိုဒ် (၂၃) (နိုင်ငံရေးနှင့် အစိုးရဆိုင်ရာ ကဏ္ဍများ၌ အမျိုးသမီး အခွင့်အရေးများ တန်းတူညီမျှ ရရှိရေးအတွက် အကောင်အထည်ဖော် လုပ်ဆောင်ပေးရမည့် ကိစ္စများ။ ၁၉၉၇) (အပိုဒ် ၄၊ ၇၊ ၈)။<br>အပိုဒ် (၂၄) (ကျန်းမာရေးနှင့် ပတ်သက်၍ အမျိုးသမီးအခွင့်အရေးများ တန်းတူညီမျှ ရရှိရေး အတွက် အကောင်အထည်ဖော် လုပ်ဆောင်ပေးရမည့် ကိစ္စများ။ ၁၉၉၉) (အပိုဒ် ၁၂၊ ၅၊ ၁၀၊ ၁၁၊ ၁၄)။ (အပိုဒ် ၁၂၊ ၅၊ ၆၊ ၁၀၊ ၁၁၊ ၁၂၊ ၁၄၊ ၁၆) |
| ICCPR | အပိုဒ် ၇၊ ၉၊ ၁၉၊ ၂၁ |
| ASEAN | (VAW) ကြေငြာချက်၊ အပိုဒ် ၂၊ ၃၊ ၄ |

## နောက်ဆက်တွဲ (၂) သက်သေထွက်ဆိုချက်များ

### သက်သေထွက်ဆိုချက် (၁)

တွေ့ဆုံမေးမြန်းသည့် ရက်စွဲ ။ ။ နိုဝင်ဘာလ ၁၇ ရက်၊ ၂၀၀၇ ခုနှစ်
အမည် ။ ။ မခင်မာထွေး
အသက် ။ ။ ၃၃ နှစ်
အိမ်ထောင်ရေး ။ ။ ရှိ
အလုပ်အကိုင်/တာဝန် ။ ။ ဆရာဝန်နှင့် တက်ကြွလှုပ်ရှားသူ
လူ့အခွင့်အရေးချိုးဖောက်ခံရသည့်နေရာ။ ။ ရန်ကုန်မြို့
ကျူးလွန်ချိုးဖောက်သူ ။ ။ မြန်မာ စစ်အစိုးရ၏ ခြေမြန်တပ်မ (၆၆) မှ စစ်သားများက ပြည်သူများကို ပစ်ခတ်၊ ရိုက်နှက်ခဲ့ကြသည်။

ကျမ (၂၀၀၄) ခုနှစ်က စလို့ အစိုးရမဟုတ်တဲ့ နိုင်ငံတကာ အဖွဲ့အစည်း (အဲန်ဂျီအို) တခုဖြစ်တဲ့ နယ်စည်းမခြား ဆေးပညာရှင်များအဖွဲ့(**MSF**)ရဲ့ အစီအစဉ်အောက်က ဆေးခန်းတခုမှာ အလုပ်လုပ်ခဲ့ပါတယ်။ ကျမကို အမျိုးသားအဆင့် ကျန်းမာရေး ညှိနှိုင်းရေးမှူးအဖြစ် တာဝန်ပေးပါတယ်။ (၂၀၀၇) ခုနှစ်၊ ဩဂုတ်လမှာတော့ **(SGBV)** အထူးကျွမ်းကျင်သူအဖြစ် တာဝန်ပေးခံရပါတယ်။ ကျမ အဓိကလုပ်ခဲ့ရတာကတော့ ခုခံအားကျဆင်းမှု ရောဂါစွဲကပ်နေသူတွေကို ဆေးကုသပေးရပါတယ်။

ကျမက စက်တင်ဘာလမှာ ဖြစ်ခဲ့တဲ့ ဆန္ဒပြပွဲတွေမှာ ပါဝင်လှုပ်ရှားခဲ့ပါတယ်။ ကျမဆေးကုနေတဲ့ လူနာတွေကိုလည်း ပါဝင်ပူးပေါင်းကြဖို့ တိုက်တွန်းခဲ့ပါတယ်။ (၁၉၈၈) ခုနှစ် ကျောင်းသားဆန္ဒပြပွဲတွေ ဖြစ်တဲ့ အချိန်တုန်းက ကျမက ဆေးကျောင်းသူဘဝပဲ ရှိပါသေးတယ်။

စက်တင်ဘာလ (၂၇) ရက်နေ့မှာတော့ ဆူးလေဘုရားအနီးမှာ ကျမက ဆန္ဒပြပွဲမှာ ပါဝင်လှုပ်ရှားနေပါတယ်။ တစ်နာရီလောက် ကြာတော့ (နေ့လည် ၁၂ နာရီ လောက် ရှိဦးမယ် ထင်ပါတယ်) စစ်သားတွေ ကား ၃ စီးနဲ့ အပြည့်ရောက်လာပြီး နောက်ပိုင်းမှာ စတင်ပစ်တော့တာပါပဲ။ ကျမလည်း လူအုပ်ကြီးနဲ့အတူ ရှိနေပါတယ်။ လူအုပ်ကြီးလည်း ဝပ်နေကြပါတယ်။ နောက်ပိုင်း ၃၄ လမ်းဘက်ကို ပြေးပါတယ်။ ကျမ ပြေးနေတုန်းမှာတော့ ယောကျ်ား ၂ ယောက်၊ အမျိုးသမီး ၁ ယောက် အပစ်ခံလိုက်ရတာ မြင်ရပါတယ်။ ကျမလည်း အိမ်အရောက် ပြန်ပြေးနိုင်ခဲ့ပြီး မွန်းလွဲ ၂း ၃၀ နာရီလောက်မှာ အိမ်ပြန်ရောက်ပါတယ်။ ကျမရဲ့ ညီမလေးလည်း ရိုက်နှက်ခံရပါတယ်။ မြို့နယ်(မအဖ)အာဏာပိုင်တွေက ကျမအိမ်ကိုလာပြီး ဖမ်းဆီးဖို့ ကြိုးစားတဲ့အခါမှာတော့ ကျမလည်း လွတ်အောက်ထွက်ပြေးပြီး၊ နယ်စပ်ကို ထွက်ပြေးလာခဲ့ပါတယ်။ ကျမ ညီမငယ်ကတော့ ပုန်းအောင်းလို့ နေတုန်း ပါပဲ။

ကျမ အခု ထိုင်းမြန်မာ နယ်စပ်မှာ နေထိုင်နေပါတယ်။ ကျမကြားနေရတာကတော့ အာဏာပိုင်တွေက သံဃာတွေကို ဖမ်းဆီးနေတုန်း၊ လှုပ်ရှားသူတွေကိုလိုက်ပြီး ရှာဖွေနေတုန်းပါပဲ။ ကျမကို ဘာကြောင့်လာဖမ်းသလဲတော့ မသိပါဘူး။ ကျမ အော်ခဲ့တာက "သံဃာတွေကို မသတ်ပါနဲ့" လို့ပဲ အော်ဟစ်ခဲ့တာပါ။ ဒီကိစ္စကတော့ ကျမရဲ့ အခြေခံလူ့အခွင့်အရေးကို ချိုးဖောက်ခံရတာပါပဲ။

## သက်သေထွက်ဆိုချက် (၂)

တွေ့ဆုံမေးမြန်းသည့် ရက်စွဲ ။ ။ နိုဝင်ဘာလ ၁၇ ရက်၊ ၂၀၀၇ ခုနှစ်
အမည် ။ ။ မခင်နှင်းသာ
အသက် ။ ။ ၂၆–နှစ်
အလုပ်အကိုင်/တာဝန် ။ ။ ကျူရှင်ဆရာမ
အိမ်ထောင်ရေး ။ ။ မရှိ (မောင်နှစ်မ ၅–ယောက်အနက် အကြီးဆုံး)
လူ့အခွင့်အရေးချိုးဖောက်ခံရသည့်နေရာ။ ။ ရန်ကုန်မြို့
ကျူးလွန်ချိုးဖောက်သူ ။ ။ ကြံ့ဖွံ့အဖွဲ့နှင့် စွမ်းအားရှင်များ

စက်တင်ဘာလမှာ သံဃာတွေ ဦးဆောင်ထွက်လာတဲ့ ဆန္ဒပြပွဲတွေကို ကျမတို့က အားပေးခဲ့ကြပါတယ်။ ကျမတို့က သံဃာတွေ လှုပ်ရှားလာကြတာနဲ့ ပတ်သက်လို့ သိပ်ပြီး စိတ်ထိခိုက်ရပါတယ်။ သူတို့က ပြည်သူတွေ ခံစားနေကြရတဲ့ ဒုက္ခအကြပ်အတည်းတွေကို သိကြပါတယ်။ သူတို့က လူထုတွေ ရှေ့ကထွက်ပြီး၊ လူထုတွေ အတွက် မားမားမတ်မတ် ရှေ့ကရပ်လှုပ်ရှားပေးခဲ့ကြတာပါ။ ကျမတို့ စဉ်းစားမိတာကတော့ သံဃာတွေ တောင်မှ ထွက်ပြီး ဆန္ဒပြကြသေးတယ်။ ကျမတို့ ပြည်သူတွေကရော ဘာဖြစ်လို့ ဆန္ဒမပြဘဲ နေကြရမှာလဲလို့ စဉ်းစားမိပါတယ်။ ဒါနဲ့ ကျမတို့လည်း ပူးပေါင်းပါဝင်ကြပါတယ်။ တခြား လူထုတွေနဲ့အတူ ချီတက် ဆန္ဒပြကြ ပါတယ်။ ကျမတို့က ဗဟန်းကနေ ရေတာရှည်လမ်းအတိုင်း ချီတက်လာကြပါတယ်။ ဆူးလေဘုရားမှာ ကျန်တဲ့ အဖွဲ့တွေနဲ့ ပူးပေါင်းကြပါတယ်။ နောက်တော့ ကျမတို့ ကမ်းနားလမ်း(စထရင်းလမ်း)အတိုင်း ချီတက်လမ်း လျှောက်ကြပါတယ်။ ဆန္ဒပြသူ အများစုကတော့ လူငယ်တွေပါပဲ၊ အသက် ၂၀ ခန့်ပဲ ရှိကြပါလိမ့်မယ်။ ယောကျာ်းလေးရော၊ မိန်းကလေးတွေရောပါပဲ။ တချို့ မိန်းကလေးတွေက ၁၇ နှစ်၊ ၁၈ နှစ်လောက်ပဲ ရှိကြပါ လိမ့်မယ်။ တချို့ဆိုရင် ၁၅ နှစ်လောက်ထိ ငယ်ရွယ်ကြပါတယ်။

ကျမတို့က "လူ့အခွင့်အရေး"တွေ ဘာတွေ နားလည်လို့ မဟုတ်ကြပါဘူး။ ကျမတို့ မြန်မာနိုင်ငံမှာက အောက်ခြေလူတန်းစား အားလုံးက သိပ်ပြီး ဆင်းရဲကြပ်တည်းနေကြပါတယ်။ တနေ့လုပ်တနေ့စား မလောက်ငှ ကြပါဘူး။ စားဝတ်နေရေး၊ ပညာရေးအားလုံးဘက်ပေါင်းစုံ ချို့တဲ့ကြပါတယ်။ ကျမတို့က ဒီအခြေအနေကို မနှစ် သက်ပါဘူး။ ကျမတို့ ဘွဲ့ရရင်တောင်မှ ဘာမှ သုံးစားလို့ မရပါဘူး။ အရာရာတိုင်းက လာဘ်ပေးမှ အဆင် ပြေတဲ့ အခြေအနေမျိုး ဖြစ်နေပါတယ်။ ပိုက်ဆံ မရှိရင်၊ အစိုးရအာဏာပိုင်တွေနဲ့ အဆက်အသွယ် မရှိရင် ဘာ အခွင့်အရေးမှ မရကြပါဘူး။ အောက်ခြေလူတန်းစားတွေနဲ့ ဆင်းရဲသားတွေမှာ အခွင့်အရေးအားလုံး ဆုံးရှုံး နေရပါတယ်။ ကျမတို့ လုပ်ချင်တဲ့ အလုပ်မျိုးတွေလည်း မရကြပါဘူး။ အရာရာ ပိုက်ဆံနဲ့ပဲ စကားပြောနေရ ပါတယ်။

မြန်မာပြည်မှာ လူတိုင်းက ကြံ့ဖွံ့ (ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့) တွေကို ကြောက်နေကြရပါတယ်။ သူတို့က အာဏာပိုင်နဲ့ပေါင်းပြီး လူထုကို ကွပ်ညှပ်ထိန်းချုပ်ထားကြပါတယ်။ သူတို့က "အမျိုးသမီးအဖွဲ့"တို့၊ "မိခင်နှင့် ကလေးစောင့်ရှောက်ရေး" အဖွဲ့တွေကို ဖွဲ့ပြီး ကျမတို့ ကြိုက်ကြိုက်၊ မကြိုက်ကြိုက် အဓမ္မအဖွဲ့ဝင် ခိုင်းပါတယ်။ နောက်ပြီး သူတို့က အဖွဲ့ဝင်ကြေးကောက်ခံပြီး ရတဲ့ငွေတွေနဲ့ ပိုက်ဆံချေးငှားစားတဲ့ လုပ်ငန်းမျိုး လုပ်ကြပါတယ်။ သူတို့က အမျိုးသမီးတွေကို အမှန်တကယ် ကူညီပေးတာ၊ ကာကွယ်စောင့်ရှောက်ပေးတာ တွေ မလုပ်ကြပါဘူး။ ပြဿနာရှိလာရင်တောင် လူတွေက သူတို့နဲ့ မဆက်သွယ်ချင်ကြပါဘူး။ အကြောင်းက တော့ သူတို့က မြန်မာ စစ်အစိုးရ အာဏာပိုင်တွေရဲ့ ဇနီးမယားတွေ ဖြစ်ပြီး၊ အတူတူပါပဲ။ ကျမတို့က မကြိုက် ကြပါဘူး။ ကျန်တဲ့ ရပ်ကွက်က ပြည်သူတွေကလည်း မကြိုက်ကြပါဘူး။ လူတွေက သူတို့နဲ့ ဘာကိစ္စမှ မလုပ် လိုကြပါဘူး။

စစ်အစိုးရက သေနတ်တွေနဲ့ စပစ်တဲ့အခါကျတော့ ကျမတို့ သိပ်ကြောက်ကြပါတယ်။ မျက်ရည်ယိုဗုံးတွေနဲ့ လူအုပ်ထဲကို ပစ်ထည့်တော့ လူတွေကလည်း ပြေးကြပါတယ်။ ကျမတို့ သူငယ်ချင်းတွေလည်း ခြေဦးတည့်ရာ

ပြေးကြပါတယ်။ ကြံ့ဖွံ့တွေနဲ့ စွမ်းအားရှင်တွေက လူအုပ်စုခွဲဖို့ မျက်ရည်ယိုဗုံးတွေ သုံးကြပါတယ်။ ဘယ်သူပဲ ဖြစ်ဖြစ် တွေ့တာနဲ့ ရိုက်နှက်တော့တာပါပဲ။ ယောကျ်ားပဲ ဖြစ်ဖြစ်၊ မိန်းမပဲ ဖြစ်ဖြစ် ရိုက်နှက်ပြီး စစ်တပ်က ထရပ်ကားတွေ ရောက်လာတော့ ဆန္ဒပြတဲ့သူတွေကို ကားပေါ်ဆွဲတင်ကြပါတယ်။ ကျမတွေ့တာကတော့ ဆန္ဒပြသူ ၄–၅ ယောက်လောက် ဝါးရင်းတုတ်တွေနဲ့ ရိုက်ခံရပါတယ်။ မိန်းကလေးငယ် ၂–ဦးလည်း ဝါးရင်းတုတ်တွေနဲ့ ရိုက်ခံရပါတယ်။ ယောကျ်ားတွေ၊ မိန်းမတွေ ဆန္ဒပြကြတဲ့ သူတွေလည်း ပြေးကြတာပါပဲ။

ကျမတို့ ရပ်ကွက်ထဲမှာ အဖမ်းခံကြရတဲ့သူတွေ ရှိပါတယ်။ ကျမတို့နဲ့ အတူတူ ချီတက်လမ်းလျှောက်ကြ သူတွေလည်း အိမ်ကို ပြန်ရောက်မလာကြတာ အများကြီးပါ။ သူတို့ ဘယ်မှာရှိနေကြမှန်း သတင်းလည်း မသိကြရပါဘူး။ တချို့လည်း ဖမ်းခံရမှာစိုးလို့ ပုန်းရှောင်နေကြတယ် ထင်ပါတယ်။ ကျမလည်း ဖမ်းခံရမှာကို ကြောက်ပါတယ်။ ကျမလည်း အိမ်ကနေ ထွက်ပြေးပြီး၊ နယ်စပ်ကို ရောက်လာခဲ့ပါတယ်။

## သက်သေထွက်ဆိုချက် (၃)

တွေ့ဆုံမေးမြန်းသည့် ရက်စွဲ ။ ။ နိုဝင်ဘာလ ၁၇ ရက်၊ ၂၀၀၇ ခုနှစ်<br>
အမည် ။ ။ မခင်သီတာဝင်း<br>
အသက် ။ ။ ၃၅ နှစ်<br>
အိမ်ထောင်ရေး ။ ။ ရှိ (၃–နှစ်အရွယ် သမီးတယောက်ရှိ)<br>
အလုပ်အကိုင်/တာဝန် ။ ။ စက်ပစ္စည်း အရောင်းဆိုင်ပိုင်ရှင်<br>
လူ့အခွင့်အရေးချိုးဖောက်ခံရသည့်နေရာ။ ။ ရန်ကုန်မြို့<br>
ကျူးလွန်ချိုးဖောက်သူ ။ ။ မြန်မာ စစ်အစိုးရ၊ ကြံ့ဖွံ့ အဖွဲ့၊ ဒေသခံ အာဏာပိုင်များနှင့် စွမ်းအားရှင်များ

ကျမက ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ် (ဗကသ) အဖွဲ့ဝင် တဦးပါ။ ကျမက (၁၉၈၈) လူထု အုံကြွမှုမှာ ပါဝင်လှုပ်ရှားခဲ့ပါတယ်။ တခါ (၁၉၉၆) ခုနှစ် ဒီမိုကရေစီနဲ့ ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေး အတွက် တောင်းဆိုကြတဲ့ ကျောင်းသားဆန္ဒပြပွဲမှာလည်း ပါဝင်လှုပ်ရှားခဲ့ပါတယ်။ ကျမက အင်းစိန် ဂျီတီအိုင် စက်မှုကျောင်းမှာ ကျောင်းတက်ပါတယ်။ (၂၀၀၂) ခုနှစ်ကနေ (၂၀၀၅) ခုနှစ်အထိ အစိုးရ ဝန်ထမ်းအဖြစ် လုပ်ပါတယ်။ ဒါပေမယ့် ရတဲ့လခက နည်းလွန်းလို့ ကျမတို့ ရပ်တည်ဖို့အတွက်တောင် မလုံလောက်ပါဘူး။ ဒါနဲ့ ကျမလည်း အလုပ်ကထွက်ပြီး၊ ပုဂ္ဂလိကလုပ်ငန်းလုပ်ပြီး အသက်မွေးပါတယ်။ အခွန်တွေ၊ ဒဏ်ကြေးတွေ၊ ကိစ္စအမျိုးမျိုးအတွက် ငွေကြေးတွေကို အာဏာပိုင်တွေက တောင်းတဲ့အခါမှာ ကျမတို့ ခေါင်းခဲရပါတယ်။ ကျမလည်း ၈၈–မျိုးဆက် ကျောင်းသားများ အင်အားစုနဲ့ အဆက်အသွယ်ရလာပြီး၊ သူတို့ လုပ်နေကြတဲ့ လက်မှတ်ထိုးတောင်းဆိုကြတဲ့ ကမ်ပိန်းတွေနဲ့ ဖဲကြိုးဖြူလှုပ်ရှားမှုတွေမှာ ပါဝင်စည်းရုံးခဲ့ပါတယ်။ စက်တင်ဘာ လူထုတွေ အုံကြွဆန္ဒပြကြတဲ့ လှုပ်ရှားမှုတွေမှာလည်း ကျမတက်တက်ကြွကြွ ပါဝင်လှုပ်ရှားခဲ့ပါတယ်။ ရဟန်းသံဃာတွေကို အချိုရည်တွေ၊ ရေတွေကပ်လှူပေးခဲ့ပါတယ်။ ဘာသာပေါင်းစုံ ဝတ်ပြုဆုတောင်းပွဲတွေ ဖြစ်အောင် စည်းရုံးခဲ့ပါတယ်။ အင်တာနက်ကတဆင့် မူဆလင်တွေရဲ့ ထုတ်ပြန်ကြေငြာချက်တွေကိုလည်း ဖြန့်ဝေပေးခဲ့ပါတယ်။ ကျမကို အာဏာပိုင်တွေက ခေါ်မေးမြန်းတာ၊ စောင့်ကြည့်နေတာ၊ သတိပေးတာတွေလည်း အမြဲလိုလို ခံခဲ့ရပါတယ်။ ဒီလိုဖြစ်ရတာ ဝမ်းနည်းစရာပါပဲ။

စက်တင်ဘာလ ၁၈ ရက်၊ ဆုတောင်းပွဲမှာ သံဃာတွေကို ကျမက ဆွမ်းနဲ့ အချိုရည်တွေ ကပ်လှူခဲ့တဲ့အတွက်ကြောင့်လည်း ကျမကို ကြံ့ဖွံ့တွေ၊ ဒေသခံအာဏာပိုင်တွေနဲ့ စွမ်းအားရှင်တွေက အနှောက်ယှက်ပေးတာကိုလည်း ခံခဲ့ရပါတယ်။ သူတို့ အနှောက်အယှက်ပေးတာကတော့ စက်တင်ဘာ (၂၄) ရက်ကနေ (၂၇) ရက်နေ့အထိ ဆန္ဒပြပွဲတွေမှာ ပါဝင်လှုပ်ရှားခဲ့တဲ့အတွက်ကြောင့်လည်း ပါပါတယ်။ ကျမကို စောင့်ကြည့်နေမှန်း သိတော့ နေရတာလည်း လုံခြုံမှု မရှိတော့ပါဘူး။ ကျမသူငယ်ချင်းတွေကလည်း ကျမလုံခြုံရေးအတွက် စိုးရိမ်ကြ

ပါတယ်။ သူတို့က ကျမကို အိမ်ကနေ ထွက်သွားဖို့ တိုက်တွန်းကြပါတယ်။ ကျမ တာမွေ၊ ဒဂုံ၊ နောက်တော့ တောင်ဥက္ကလာမှာ ပုန်းအောင်းနေခဲ့ပါသေးတယ်။ နောက်ဆုံး အာဏာပိုင်တွေက သတင်းရလာပြီး တောင်ဥက္ကလာအထိ အနှံ့ခံလိုက်လာတဲ့အတွက်ကြောင့် ကျမလည်း နယ်စပ်ကို ထွက်ပြေးခဲ့ရပါတယ်။

ကျမအခု ကျမခင်ပွန်း၊ ကျမ သမီးငယ်လေးနဲ့အတူ ရှိနေပါတယ်။

## သက်သေထွက်ဆိုချက် (၄)

တွေ့ဆုံမေးမြန်းသည့် ရက်စွဲ ။ ။ နိုဝင်ဘာလ ၁၇ ရက်၊ ၂၀၀၇ ခုနှစ်
အမည် ။ ။ မတင်တင်အေး
အသက် ။ ။ ၄၂–နှစ်
အိမ်ထောင်ရေး ။ ။ ရှိ (ကလေး ၃–ယောက်ရှိ၊ သမီး (၂၄–နှစ်)၊ သမီး (၂၀) နှစ်နှင့် သား (၁၆) နှစ်)
အလုပ်အကိုင်/တာဝန် ။ ။ လမ်းဘေးဈေးရောင်း
လူ့အခွင့်အရေးချိုးဖောက်ခံရသည့်နေရာ။ ။ ရန်ကုန်မြို့
ကျူးလွန်ချိုးဖောက်သူ ။ ။ မြန်မာ စစ်အစိုးရ၊ ကြံ့ဖွံ့ အဖွဲ့နှင့် စွမ်းအားရှင်များ

ကျမက လမ်းဘေးဈေးသည် တယောက်ပါ။ ကျမကလေးတွေက ရဟန်းသံဃာတွေ ဦးဆောင်တဲ့ ဆန္ဒပြပွဲထဲမှာ နေ့တိုင်းနီးပါးသွားပြီး ဆန္ဒပြကြပါတယ်။ ကျမကတော့ နေ့စဉ်စားဖို့ ငွေရှာနေရတော့ သွားပြီး ဆန္ဒမပြနိုင်ပါဘူး။ ကျမ ကလေးတွေ အိမ်ပြန်လာကြတဲ့အခါ သူတို့ဆန္ဒပြပွဲအကြောင်း နေ့တိုင်းလိုလိုပဲ ကြားနေရပါတယ်။ ဒါနဲ့ စက်တင်ဘာ ၂၅– ၂၆ ရက်နေ့ရောက်တော့ လူတွေအများကြီး ပိုပူးပေါင်းလာကြပြီး၊ လူအုပ်ကြီးကလည်း အကြီးကြီးဖြစ်လာပါတယ်။ အိမ်တိုင်းလိုလိုက လူတွေဆန္ဒပြပွဲမှာ ပါလာကြပါတယ်။ ကျမက ကလေးတွေ အတွက် အင်မတန်စိတ်ပူပါတယ်။ အကြောင်းကတော့ ၁၉၈၈ အရေးအခင်း ကာလကလည်း ပစ်သတ်ထား တာတွေ ပြန်အမှတ်ရနေသေးလို့ပါပဲ။ ကျမလည်း ဆိုင်ပိတ်ပြီး ကလေးတွေကိုရှာဖို့ ထွက်လာခဲ့ပါတယ်။ ရဟန်း သံဃာတွေ လမ်းလျှောက် ချီတက်နေကြတာ မြင်ရတော့ ကျမလည်း အလွန်ကြည်ညို စိတ်လှုပ်ရှားမိပါတယ်။ ကျမလည်း အင်မတန်စိတ်လှုပ်ရှား တက်ကြွလာပြီး ဆန္ဒပြပွဲထဲ ဝင်ပူးပေါင်းခဲ့ပါတယ်။

ဆူးလေဘုရားလမ်းမှာ လူအုပ်ကြီးက အကြီးကြီးပါပဲ။ အဲဒီကစလို့ လူတွေက လက်တွေချိတ်လိုက်ကြပြီး ရဟန်းတွေဘေးက ကာရံပေးပြီး လိုက်လျှောက်ကြပါတယ်။ ကျမလည်း တက်ကြွလာတာနဲ့ သူတို့တွေနဲ့အတူ လက်ချင်းချိတ်ပြီး လိုက်လျှောက်ခဲ့ပါတယ်။ ပန်းဆိုးတန်းလမ်းနဲ့ လမ်း (၅၀) ရောက်တဲ့အထိ လူအုပ်ကြီးနဲ့အတူ ကျမ လိုက်လျှောက်ပါတယ်။ လူပင်လယ်ကြီးထဲမှာ ကျမကလေးတွေကိုလည်း ရှာမတွေ့ပါဘူး။ ဒါနဲ့ ညနေ ၄ နာရီလောက် ကျမ အိမ်ပြန်လာပါတယ်။

ကျမက ဆန္ဒပြပွဲတွေမှာ ၂ ရက် (၂၅ ရက်နေ့နဲ့ ၂၆ ရက်နေ့) ပါဝင်ခဲ့ပါတယ်။ အခု အချိန်အထိ ဖြစ်ခွဲချေမှုန်း တာတွေ မရှိသေးပါဘူး။ ကျမတို့လို တနေ့လုပ်မှ တနေ့စားရတဲ့သူတွေအဖို့ ဒီလို လိုက်ပြီးလမ်းလျှောက် နေဖို့ဆိုတာ မလွယ်ကူလှပါဘူး။ ဒါနဲ့ ကျမ ပြန်ပြီး ဈေးဆိုင်ဖွင့်ရပါတယ်။ ပိုက်ဆံရအောင်ပါ။ နောက်တနေ့မှာ ပစ်ခတ်တာတွေ ဖြစ်လာပါတယ်။ ဒီကိစ္စတွေကို ကျမ ကလေးတွေဆီက ကြားရပါတယ်။ ကျမကိုယ်တိုင်တော့ မမြင်ရပါဘူး။

ကျမတို့က အလုပ်သမားလူတန်းစားပါ။ လူ့အခွင့်အရေးတွေ ဘာတွေ နားမလည်ပါဘူး။ ကျမတို့သိတာ ကတော့ အစိုးရ မကောင်းလို့ ကျမတို့ ဆင်းရဲနေရတာတော့ သိပါတယ်။ အခြေခံစားသောက်ကုန်တွေ ဈေး တက်လာလို့ ကျမတို့ ဆင်းရဲကြပ်တည်းနေရတာတော့ သဘောပေါက်ပါတယ်။ ကျမတို့ ရပ်ကွက်မှာတောင် သိတာကို အမှန်အတိုင်း မပြောရပါဘူး။ မြန်မာ အစိုးရက ကြံ့ဖွံ့တွေ၊ စွမ်းအားရှင်တွေကို ငွေပေးပြီး သူတို့

ကိုယ်စား ခိုင်းစားထားကြပါတယ်။ မြန်မာ စစ်အစိုးရ ကျောထောက်နောက်ခံပေးထားတာနဲ့ ဒီလူတွေက ရပ်ကွက်ထဲမှာ သူတို့ လုပ်ချင်တိုင်း လုပ်နိုင်ကြပါတယ်။ သူတို့ ဆန္ဒအတိုင်း အနိုင်ကျင့်၊ ဗိုလ်ကျ လုပ်နေကြပါတယ်။ ကျမတို့လို ရှန်းကန်နေကြရတဲ့ လူတွေအတွက်တော့ အေးအေးချမ်းချမ်းပဲ နေချင်ပါတယ်။ သူတို့နဲ့လည်း ပြဿနာဖြစ်ရတာ မလိုချင်ပါဘူး၊ မဆက်ဆံချင်ပါဘူး။ ကျမတို့ အမြဲလိုလို သူတို့တတွေနဲ့ ခပ်ခွာခွာ နေကြပါတယ်။

ကျမလည်း ဆန္ဒပြပွဲတွေမှာပါတဲ့ ကျမအိမ်နီးချင်းတွေနဲ့အတူ နယ်စပ်ကို ထွက်ပြေးလာခဲ့ပါတယ်။ သူတို့ကို အာဏာပိုင်တွေက လိုက်ဖမ်းနေပြီ၊ ကျမလည်း အိမ်မှာ မနေရဲတော့ပါဘူး။ လူ ၃–၄ ယောက်လောက် ဖမ်းခံရတာလည်း ရှိပါတယ်။ အာဏာပိုင်တွေက ဓာတ်ပုံတွေ၊ ဗီဒီယိုတွေသုံးပြီး သူတို့မှတ်မိတဲ့ လူတွေကို လိုက်ရှာကြပါတယ်။ ကျမလည်း အာဏာပိုင်တွေက လာဖမ်းမှာ စိုးရိမ်ပါတယ်။ ကျမကလေးတွေလည်း သူတို့သူငယ်ချင်းတွေ ပုန်းနေကြတဲ့ တခြားခရိုင်တွေဘက်ကို ရှောင်ပြေးနေကြပါတယ်။ ကျမဒီကို ကျမမိတ်ဆွေတွေနေတဲ့ မော်လမြိုင်ကတဆင့် လာပါတယ်။

ဆန္ဒပြပွဲတွေမှာပါတဲ့ အမျိုးသမီးလုပ်ရှားသူတွေကို ဖမ်းဆီးနေတာ၊ ထောင်ချနေတာတွေ သိပါတယ်။ ဒါကြောင့် တချို့လည်း ဖမ်းခံရမှာ ကြောက်လို့ ပြေးနေကြရပါတယ်။ တကယ်တော့ ဒီအမျိုးသမီးတွေလုပ်တာ မှားတာ တခုမှ မရှိပါဘူး။ သူတို့ကို ဒီလို ဖမ်းဆီးဖို့ မသင့်ပါဘူး။ သူတို့ကို ထောင်ချနေတာဟာ မတရားလုပ်တဲ့ ကိစ္စပါ။ ကျမတို့က မြန်မာ စစ်အစိုးရရဲ့ မတရားလုပ်ခံရမှာစိုးရိမ်လို့ ရှောင်ပြေးပုန်းအောင်းနေကြရတဲ့ သူတွေပါ။ ဤခုတော့ ကျမကလေးတွေနဲ့ တကွဲတပြား ဖြစ်နေရပါပြီ။ တခြားသူတွေလည်း ကျမလိုဘဝမျိုး မခံစားရစေချင်ပါဘူး။ လှုပ်ရှားတဲ့သူတွေလည်း ပြန်လွတ်မြောက်ကြပါစေ။ မတရားဖမ်းဆီးနေတာတွေလည်း ရပ်တန့်ကြပါတော့။ တချို့ အမျိုးသမီးတွေက နေမကောင်းတဲ့ သူတို့ကလေးတွေကို တကွဲတပြားထားခဲ့ပြီး ထွက်ပြေးလာကြရပါတယ်။ စဉ်းစားကြည့်ပါဦး၊ ရင်နာစရာ ဘယ်လောက်ကောင်းလိုက်သလဲ။

## သက်သေထွက်ဆိုချက် (၅)

တွေ့ဆုံမေးမြန်းသည့် ရက်စွဲ ။ ။ နိုဝင်ဘာလ ၁၇ ရက်၊ ၂၀၀၇ ခုနှစ်
အမည် ။ ။ မနှင်းနွယ်အေး
အသက် ။ ။ ၂၈ နှစ်
အိမ်ထောင်ရေး ။ ။ ရှိ (ကလေးမရှိ)
အလုပ်အကိုင်/တာဝန် ။ ။ (မိသားစု လက်ဘက်ရည်ဆိုင်တွင် အလုပ်လုပ်)
လူ့အခွင့်အရေးချိုးဖောက်ခံရသည့်နေရာ။ ။ ရန်ကုန်မြို့
ကျူးလွန်ချိုးဖောက်သူ ။ ။ မြန်မာ စစ်အစိုးရ၊ ကြံ့ဖွံ့ အဖွဲ့နှင့် စွမ်းအားရှင်များ

ကျမက စက်တင်ဘာလ (၂၄) ရက်ကနေ (၂၇) ရက်နေ့အထိ ဆန္ဒပြပွဲတွေမှာ ဆူးလေဘုရား၊ မြို့တော်ခမ်းမရှေ့နဲ့ သိမ်ကြီးဈေးတွေမှာ ပါဝင်လှုပ်ရှားခဲ့ပါတယ်။ စက်တင်ဘာ (၂၆) (၂၇) ဆန္ဒပြပွဲတွေမှာ ဆန္ဒပြတဲ့သူ ယောက်ျားတွေကို ကြံ့ဖွံ့တွေ၊ စွမ်းအားရှင်တွေက အကြမ်းဖက် ဖမ်းဆီးတာတွေ မြင်ခဲ့ရပါတယ်။ စက်တင်ဘာ (၂၇)ရက်နေ့မှာ ကျမက ဆူးလေဘုရားအနီး ဆန္ဒပြပွဲထဲမှာ ရှိနေပါတယ်။ သေနတ်ပစ်သံတွေ ကြားရပြီး ကျမတို့လည်း ထွက်ပြေးကြပါတယ်။ အာဏာပိုင်တွေက ဆန္ဒပြပွဲမှာ ပါတဲ့သူတွေကို ဓါတ်ပုံတွေနဲ့ တိုက်ပြီး လိုက်ဖမ်းတယ်ကြားတော့ ကျမအိမ်ကနေထွက်ခဲ့ပါတယ်။ ကျမထိုင်းနယ်စပ်ကို ရောက်လာပြီး မဲဆောက်ကို အောက်တိုဘာလ (၂၀) ရက်နေ့မှာ ရောက်လာပါတယ်။ အာဏာပိုင်တွေက လိုက်လံဖမ်းဆီးနေလို့ လှုပ်ရှားနေကြတဲ့သူတွေလည်း ပြေးလွှား တိမ်းရှောင်နေကြရတုန်းပါပဲ။

## သက်သေထွက်ဆိုချက် (၆)

တွေ့ဆုံမေးမြန်းသည့် ရက်စွဲ ။ ။ နိုဝင်ဘာလ ၁၇ ရက်၊ ၂၀၀၇ ခုနှစ်
အမည် ။ ။ မတင်တင်ခိုင်
အသက် ။ ။ ၃၀ နှစ်
အလုပ်အကိုင်/တာဝန် ။ ။ တက်ကြွလှုပ်ရှားသူ
လူ့အခွင့်အရေးချိုးဖောက်ခံရသည့်နေရာ။ ။ ရန်ကုန်မြို့
ကျူးလွန်ချိုးဖောက်သူ ။ ။ မြန်မာ စစ်အစိုးရ၊ ကြံ့ဖွံ့အဖွဲ့ဝင်များနှင့် စွမ်းအားရှင်များ

ကျမက ရန်ကုန် စက်တင်ဘာ ၂၇ ရက်နေ့ ဆန္ဒပြပွဲမှာ ပါဝင်လှုပ်ရှားခဲ့ပါတယ်။ ကျမ အဖေက (၁၉၈၈) ခုနှစ် ဆန္ဒပြပွဲမှာ တက်တက်ကြွကြွ ပါဝင်ခဲ့ပါတယ်။ ကျမတို့ မိသားစု တစုလုံးက စစ်အစိုးရကို ဆန့်ကျင်တဲ့ ဆန္ဒပြပွဲတွေမှာ ပါဝင်ဖို့ စိတ်အားထက်သန်ကြပါတယ်။

(၂၀၀၇) ခုနှစ်၊ စက်တင်ဘာလ (၂၇)ရက်နေ့မှာတော့ ကျမက ဆူးလေဘုရားအနီး ဆန္ဒပြပွဲမှာ ပါဝင်လှုပ်ရှားနေပါတယ်။ နောက်တော့ စစ်သားတွေက သေနတ်တွေပစ်ပြီး ဆန္ဒပြတဲ့သူတွေကို တိုက်ခိုက်ကြပါတယ်။ ကျမလည်း သေနတ်ပစ်နေတဲ့နေရာ၊ ရိုက်နှက်နေတဲ့ နေရာကနေ ထွက်ပြေးရပါတယ်။ စစ်သားတွေက ယောကျ်ားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ် ဆန္ဒပြကြတဲ့သူတွေကို ပစ်တာ၊ ရိုက်နှက်တာကို မြင်ခဲ့ရပါတယ်။ အိမ်နီးချင်းတွေက ပြောကြတာကတော့ ရဲတွေ၊ ကြံ့ဖွံ့အဖွဲ့ဝင်တွေက ကျမအိမ်ကို လာရှာကြတယ် ပြောပါတယ်။ ကျမလည်း ကျမအဖေ၊ ကျမမောင်လေးနဲ့အတူ ထိုင်းနယ်စပ်ကို ထွက်ပြေးလာကြပါတယ်။ ကျမတို့ နယ်စပ်မြို့ဖြစ်တဲ့ မဲဆောက်ကို (၂၀၀၇) ခုနှစ်၊ အောက်တိုဘာလ (၈) ရက်နေ့မှာ ရောက်လာပါတယ်။ ကျမ မြင်ခဲ့ရတာကတော့ ဗုဒ္ဓဘာသာရဟန်းတော်တွေက မေတ္တာပို့၊ ဆုတောင်းလမ်းလျှောက်တာ မြင်ကြတော့ လူတွေလည်း အားတက်လာကြပြီး ဆန္ဒပြပွဲထဲမှာ ပါဝင်လာကြတော့တာပါပဲ။ ဒါကတော့ လူတွေက လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ပြကြတဲ့ ကိုယ့်အမြင်တင်ပြကြတဲ့ အခွင့်အရေးတခုပါပဲ။

နောက်ဆက်တွဲ (၃)

ဖမ်းဆီးထိန်းသိမ်းခံထားရသော အမျိုးသမီးများစာရင်း

| စဉ် | အမည် | အဖအမည် | ဖမ်းခံရသည့်နေရာ | အဖွဲ့အစည်း | နေရာ | လိပ်စာ | ဖမ်းခံရသော နေ့ရက် |
|---|---|---|---|---|---|---|---|
| ၁။ | မနိဘယ်အေး (ခေါ်) နှင်းမေအောင် | | သက်န်းကျွန်းမြို့နယ်၊ ရန်ကုန် | ဒီ/ချုပ်၊ ၈၈-မျိုးဆက် | | | ၂၃-၈-၀၇ |
| ၂။ | မယဉ်ယဉ်သိုက် | | မရှိ | ဒီ/ချုပ် | | | ၂၃-၈-၀၇ |
| ၃။ | မငယ် | | မရှိ | | | | ၂၄-၈-၀၇ |
| ၄။ | စန်းစန်းမြင့် (ခေါ်) ဝင်းမြတ် | | မရှိ | | | | ၂၄-၈-၀၇ |
| ၅။ | အမည်မသိ (ကိုတင်မောင်ကြည် ၏ဇနီး) | | ၇၀-ရပ်ကွက်၊ ကြားဖြတ်လမ်း၊ တောင်ဒဂုံ | | | တောင်ဒဂုံ၊ ရန်ကုန် | ၂၄-၈-၀၇ |
| ၆။ | အမည်မသိ (ကိုတင်မောင်ကြည် ၏ သမီး) | | ၇၀-ရပ်ကွက်၊ ကြားဖြတ်လမ်း၊ တောင်ဒဂုံ | | | တောင်ဒဂုံ၊ ရန်ကုန် | ၂၄-၈-၀၇ |
| ၇။ | ညိုညိုလွင် | | မရှိ | | | | ၂၄-၈-၀၇ |
| ၈။ | မခင်မာချို | | မရှိ | ဒီ/ချုပ် | | | ၂၄-၈-၀၇ |
| ၉။ | မစိန်ထွေး | | မရှိ | | | | ၂၄-၈-၀၇ |
| ၁၀။ | မစိုးစိုး | | မရှိ | | | | ၂၄-၈-၀၇ |
| ၁၁။ | မသန္တာ | | မရှိ | | | | ၂၄-၈-၀၇ |
| ၁၂။ | မတင်လှ | | မရှိ | | | | ၂၄-၈-၀၇ |
| ၁၃။ | မနီနီအေး | | မရှိ | | | | ၂၄-၈-၀၇ |
| ၁၄။ | မမြင့်မော် | | မရှိ | | | | ၂၄-၈-၀၇ |
| ၁၅။ | မခင်စန်းဦး | | မရှိ | | | | ၂၄-၈-၀၇ |
| ၁၆။ | မမေသိင်္ဂီ | | မရှိ | | | | ၂၄-၈-၀၇ |
| ၁၇။ | မစန္ဒာမင်း | | ရန်ကုန် | သုံးရောင်ခြယ် အဖွဲ့ | | | ၂၅-၈-၀၇ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁၈။ | မမီမီစိန် | မရရှိ | ပုသိမ်စျေး | ဒီ/ချုပ် မြို့နယ်တွဲဘက် အတွင်း ရေးမှူး | ဖျာပုံထောင် | ဘိုကလေး။ ရေဝတီတိုင်း | ၀၅-၉-၀၇ |
| ၁၉။ | မခင်လေး | မရရှိ | ပုသိမ်စျေး | ဒီ/ချုပ် မြို့နယ် ဘဏ္ဍာရေးမှူး | ဖျာပုံထောင် | ဘိုကလေး၊ ရေဝတီ | ၀၅-၉-၀၇ |
| ၂၀။ | မမြင့်မြင့်စိန် | မရရှိ | မရရှိ | ဒီ/ချုပ် ဒေသစည်းရုံး ရေးမှူး | အမှတ်-၃ ရပ်ကွက် (ရအဖ) ရုံး | ပုသိမ်၊ ရေဝတီ | ၀၅-၉-၀၇ |
| ၂၁။ | မအေးအေးခိုင် | မရရှိ | မရရှိ | ဒီ/ချုပ် ဒေသစည်းရုံး ရေးမှူး | အမှတ်-၃ ရပ်ကွက် (ရအဖ) ရုံး | ပုသိမ်၊ ရေဝတီ | ၀၅-၉-၀၇ |
| ၂၂။ | မမီး | | | | | မြောက်ဥက္ကလာပ၊ ရန်ကုန် | ၂၂-၉-၀၇ |
| ၂၃။ | မလေးလေးမွန် | | | ၈၈-မျိုးဆက် ကျောင်းသားများ | | မြောက်ဒဂုံ၊ ရန်ကုန် | ၂၂-၉-၀၇ |
| ၂၄။ | မခင်သင်းကြူ | | | အရပ်သူ | ကျိုက္ကဆံ ထိန်းသိမ်းရေး စခန်း | သင်္ဃန်းကျွန်း၊ ရန်ကုန် | ၂၅-၉-၀၇ |
| ၂၅။ | မမြင့်မြင့်စန်း | | | ဒီ/ချုပ် အဖွဲ့ဝင် | | | ၂၅-၉-၀၇ |
| ၂၆။ | မမြင့်မြင့်အေး (လွတ်ပြီး) | | | ဒီ/ချုပ် မြို့နယ်အတွင်းရေးမှူး | အိုးဘိုထောင် | မတ္ထီလာ၊ မန္တလေး | ၂၅-၉-၀၇ |
| ၂၇။ | မစန်းစန်းအေး (လွတ်ပြီး) | | | ဒီ/ချုပ် မြို့နယ် စည်းရုံးရေးမှူး | | အနောက်တောင်၊ မန္တလေး | ၂၅-၉-၀၇ |
| ၂၈။ | ဒေါ်ဝင်းမြမြ | | | ဒီ/ချုပ် တိုင်း စည်းရုံးရေးမှူး | အိုးဘိုထောင် | မန္တလေး | ၂၈-၉-၀၇ |
| ၂၉ | မသန္တာနွယ်ဦး | ဦးတင်ဦး | | ဒီ/ချုပ် လူငယ် | | ကမာရွတ်၊ ရန်ကုန် | ၂၇-၉-၀၇ |
| ၃၀။ | မမေဝင်း | | | (MDC) | | (ည)ရပ်ကွက်၊မြောက်ဥက္ကလာပ၊ရန်ကုန် | ၂၉-၉-၀၇ |
| ၃၁။ | မနွယ်နွယ်သင်း | | | (MDC) | | (ဈ)ရပ်ကွက်၊မြောက်ဥက္ကလာပ၊ရန်ကုန် | ၂၉-၉-၀၇ |
| ၃၂။ | မလဲ့လဲ့ | | | ဒီ/ချုပ် အမျိုးသမီး | | မန္တလေး | ၂၈-၉-၀၇ |
| ၃၃။ | အမည် မသိရ | | | သတင်းထောက် (Weekly Eleven) | | | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၃၄။ | မမြဝင်း (ခေါ်) မတင်ဝင်း | | | အရပ်သူ | | အမှတ် (၂၃)၊ အရှေ့ ရွှေတိဂုံ၊ ဗဟန်း | ၂၆–၉–၀၇ |
| ၃၅။ | မငွေဝင်း | | | ဒီ/ချုပ် (မြစ်ကြီးနား) | | | စက်တင်ဘာ နောက်ဆုံးပတ် |
| ၃၆။ | မစန္ဒာဝင်း | | | | | | |
| ၃၇။ | မအေးမိခိုင် | | | | | သာသနာ့ဂုဏ်ရည် | ၂၇–၉–၀၇ |
| ၃၈။ | မလှအဥ္စလီ | | | | | သာသနာ့ဂုဏ်ရည် | ၂၇–၉–၀၇ |
| ၃၉။ | မငွေငွေဝင်း | | | | | | ၂၇/၂၉–၉–၀၇ |
| ၄၀။ | မဥမ္မာကျော် | | | | | ကမာရွတ်မြို့နယ်၊ ရန်ကုန် | ၂၇/၂၉–၉–၀၇ |
| ၄၁။ | မစန်းရီ | | | ဒီ/ချုပ် မြို့နယ် စည်းရုံးရေးမှူး | | ဒေါပုံမြို့နယ်၊ ရန်ကုန် | ၂၇/၂၉–၉–၀၇ |
| ၄၂။ | နော်စောသီမိုး | | | | | | ၂၇/၂၉–၉–၀၇ |
| ၄၃။ | မခင်စန္ဒာဝင်း | | အနော်ရထားလမ်းနှင့် ရွှေဂုံတိုင်လမ်းထောင့် | ဒုတိယနှစ်၊ စိတ်ပညာ ကျောင်းသူ။ အနောက်ပိုင်း တက္ကသိုလ် | | | ၂၉–၉–၀၇ |
| ၄၄။ | မမြင့်ကြည် | | | | | ကျောက်ပန်းတောင်း၊ မန္တလေး | ဩဂုတ် ၁၉၊ အောက်တိုဘာ ၇ |
| ၄၅။ | အမည် မရရှိ (ဒေါက်တာ မြတ်ထွန်း၏သမီး) | | | | | ကျောက်ပန်းတောင်း၊ မန္တလေး | ဩဂုတ် ၁၉၊ အောက်တိုဘာ ၇ |
| ၄၆။ | အမည် မရရှိ (ဒေါက်တာ မြတ်ထွန်း၏ သမီး) | | | | | ကျောက်ပန်းတောင်း၊ မန္တလေး | ဩဂုတ် ၁၉၊ အောက်တိုဘာ ၇ |
| ၄၇။ | မဟန်နီဦး | | | ဒဂုံတက္ကသိုလ် | | ဗဟန်း၊ ရန်ကုန် | ၀၉–၁၀–၀၇ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၄၈။ | မဥမ္မာရွှေ | | | မြို့နယ် (ငြိမ်ပိ) | | ပုသိမ်၊ ဧရာဝတီတိုင်း | ၀၅-၁၀-၀၇ |
| ၄၉။ | မသရဖီ | | | ကျောင်းသူ | | ရန်ကုန် | ၁၀-၁၀-၀၇ |
| ၅၀။ | မစုစုကြည် | နေအိမ်တွင် | | | | မင်္ဂလာတောင်ညွန့်၊ ရန်ကုန် | ၀၈-၁၀-၀၇ |
| ၅၁။ | မမေသန်းရီ | နေအိမ်တွင် | | | | မင်္ဂလာတောင်ညွန့်၊ ရန်ကုန် | ၀၈-၁၀-၀၇ |
| ၅၂။ | မအေးမြင့်မြတ် (လွတ်ပြီး) | | | နောက်ဆုံးနှစ် ဥပဒေ ကျောင်းသူ၊ အရှေ့ပိုင်း တက္ကသိုလ် | | | ၁၀-၁၀-၀၇ |
| ၅၃။ | မဇင်ငြိမ်းသူ | | | | | မုန့်လက်ဆောင်းကုန်း ရပ်ကွက်၊ ရန်ကုန် | မရရှိ |
| ၅၄။ | ဒေါ်နွယ် | ဦးကျင် | | | | တောင်ဥက္ကလာပ၊ ရန်ကုန် | မရရှိ |
| ၅၅။ | မဥမ္မာ (လွတ်ပြီး) | | | ဒီ/ချုပ် အဖွဲ့ဝင် | | ဒဂုံမြို့သစ်၊ ရန်ကုန် | မရရှိ |
| ၅၆။ | မမေမွန် | | | ဒီ/ချုပ် (လူငယ်) | ဆေးရုံတွင် | သင်္ဃန်းကျွန်း၊ ရန်ကုန် | မရရှိ |
| ၅၇။ | မအေးအေးသက် | | | ဒီ/ချုပ် (လူငယ်) | | အင်းစိန်၊ ရန်ကုန် | မရရှိ |
| ၅၈။ | မဝါဝါအောင် (ခေါ်) မခိုင်ယံ | | | ဒီ/ချုပ် အဖွဲ့ဝင် | | သာကေတ၊ ရန်ကုန် | မရရှိ |
| ၅၉။ | မပေါက် | | | ဒီ/ချုပ် | | ရန်ကုန် | မရရှိ |
| ၆၀။ | မအေးအေးမူ | | | ဒီ/ချုပ် | | လှည်းကူး၊ ရန်ကုန် | မရရှိ |
| ၆၁။ | မစန်းစန်းသွင် | | | ရုံးပိုင်ရှင် | | အရှေ့မြောက်၊ မန္တလေး | မရရှိ |
| ၆၂။ | မလှလှ | | | ဒီ/ချုပ် မြို့နယ် စည်းရုံးရေးမှူး | | ပဲခူး | မရရှိ |
| ၆၃။ | မမာစောအေး | | | ဒီ/ချုပ် မြို့နယ် စည်းရုံးရေးမှူး | | ဇီးကုန်း၊ ပဲခူးတိုင်း | မရရှိ |
| ၆၄။ | မခင်ညွန့်မူ | | | ဒီ/ချုပ် မြို့နယ် စည်းရုံးရေးမှူး | | ပဲခူး | မရရှိ |
| ၆၅။ | မညွန့်ကြည် | | | ဒီ/ချုပ်မြို့နယ် စည်းရုံးရေးမှူး | | ပဲခူး | မရရှိ |
| ၆၆။ | ဒေါ်ရွှေ | | | ဒီ/ချုပ် မြို့နယ် စည်းရုံးရေးမှူး | | ပဲခူး | မရရှိ |
| ၆၇။ | မသွယ်သွယ်စန်း | | | ရုံးပိုင်ရှင် | | အရှေ့မြောက်၊ မန္တလေး | မရရှိ |
| ၆၈။ | နော်အုန်းလှ | | | ဒီ/ချုပ် | | မှော်ဘီ | ၁၂-၁၀-၀၇ |
| ၆၉။ | မသင်းသင်းအေး (ခေါ်) မမီးမီး | | | ၈၈ မျိုးဆက် ကျောင်းသားများ | | တာမွေ၊ ရန်ကုန် | ၁၃-၁၀-၀၇ |
| ၇၀။ | မပွင့်ဖြူ | | | ဒီ/ချုပ် (အမျိုးသမီး) | | မိုးကုတ်၊ မန္တလေး | မရရှိ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၇၁။ | မသင်းသင်း | | | ဒီ/ချုပ် မြို့နယ် စည်းရုံးရေးမှူး | | မိုးကုတ်၊ မန္တလေး | မရှိ |
| ၇၂။ | မလှမြင့် | | | ဒီ/ချုပ် မြို့နယ် စည်းရုံးရေးမှူး | | တောင်ဥက္ကလာပ၊ ရန်ကုန် | မရှိ |
| ၇၃။ | မတင်ရွှေ | | | | | ဒေါပုံ၊ ရန်ကုန် | မရှိ |
| ၇၄။ | နော်အယ်စိုးဖော | | | | | စစ်ကိုင်း | မရှိ |
| ၇၅။ | မရွှေရီမင်း | | | | | စစ်ကိုင်း | မရှိ |
| ၇၆။ | ဒေါ်ရေး (ဦးဂမ္ဘီရ၏ မိခင်) | | | | | မိတ္ထီလာ၊ မန္တလေး | မရှိ |
| ၇၇။ | မရှိ (ဦးဂမ္ဘီရ၏ ညီမ) | | | | | မိတ္ထီလာ၊ မန္တလေး | မရှိ |
| ၇၈။ | မသင်းသင်း | | | | | ဥက္ကံ၊ ရန်ကုန် | ၁၂-၁၀-၀၇ |
| ၇၉။ | မမေဦး (ခေါ်) မမေမီဦး | | အိမ်တွင် (ဆရာစံ ရပ်ကွက်) | ၈၈-မျိုးဆက် ကျောင်းသား | | ဗဟန်း၊ ရန်ကုန် | ၁၉-၁၀-၀၇ |
| ၈၀။ | ဒေါ်ကြူ | | | ဒီ/ချုပ် အဖွဲ့ဝင် | | သင်္ဃန်းကျွန်း၊ ရန်ကုန် | ၁၉-၁၀-၀၇ |
| ၈၁။ | ဒေါ်မြသန်း | | သာသနာ့သိပ္ပံဘုန်းကြီးကျောင်း | | | မရှိ | ၂၆-၁၀-၀၇ |
| ၈၂။ | ဒေါ်ရိုင်းမွန် | | ဓမ္မသုခဘုန်းကြီးကျောင်း၊တာမွေ | | | မရှိ | မရှိ |
| ၈၃။ | ပေါင်ခွင်မ | | ဓမ္မသုခဘုန်းကြီးကျောင်း၊တာမွေ | | | မရှိ | မရှိ |
| ၈၄။ | မညွှန့်အေး | | ဓမ္မသုခဘုန်းကြီးကျောင်း၊တာမွေ | | | မရှိ | မရှိ |
| ၈၅။ | မအေးလုံ | | ဓမ္မသုခဘုန်းကြီးကျောင်း၊တာမွေ | | | မရှိ | မရှိ |
| ၈၆။ | မမခင် | | ဓမ္မသုခဘုန်းကြီးကျောင်းတာမွေ | | | မရှိ | မရှိ |
| ၈၇။ | မဦးဦးခင် | | ဓမ္မသုခဘုန်းကြီးကျောင်း၊တာမွေ | | | မရှိ | မရှိ |
| ၈၈။ | မထွေးခင်ဦး | | ဓမ္မသုခဘုန်းကြီးကျောင်း၊တာမွေ | | | မရှိ | မရှိ |
| ၈၉။ | မသင်းသင်းဆွေ | | ဓမ္မသုခဘုန်းကြီးကျောင်း၊တာမွေ | | | မရှိ | မရှိ |
| ၉၀။ | မသင်းဝတ်ရည် | | ဓမ္မသုခဘုန်းကြီးကျောင်း၊တာမွေ | | | မရှိ | မရှိ |
| ၉၁။ | မယဉ်ယဉ်ထိုက် | | | | | မြောက်ဥက္ကလာပ၊ ရန်ကုန် | ၂၇-၉-၀၇ |
| ၉၂။ | မသန္တာကျော် | | | | | စမ်းချောင်း၊ ရန်ကုန် | ၂၉-၉-၀၇ |
| ၉၃။ | မနွယ်နွယ်ဝင်း | | | | | ကြည့်မြင်တိုင်၊ ရန်ကုန် | ၂၉-၉-၀၇ |
| ၉၄။ | မစုစုကြည် | | | | | စမ်းချောင်း၊ ရန်ကုန် | ၁၀-၁၀-၀၇ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၉၅။ | မစန်းစန်းတင့် | | တာမွေလေးတံတား | | သာယာဝတီ ထောင် | မရရှိ | ၁၈–၉–၀၇ |
| ၉၆။ | မသက်သက်အောင် | | တာမွေလေးတံတား | | သာယာဝတီ ထောင် | မရရှိ | ၁၈–၉–၀၇ |
| ၉၇။ | မနွယ်နှင်းရည် (ခေါ်) နိုးနိုး | | တာမွေလေးတံတား | | သာယာဝတီ ထောင် | မရရှိ | ၁၈–၉–၀၇ |
| ၉၈။ | မခင်ပြုံးရီ | | | | ကျိုက္ကဆံ ထိန်းသိမ်းရေး | တောင်ဥက္ကလာပ၊ ရန်ကုန် | |
| ၉၉။ | ဒေါ်ပညာသဂီ | | သစ္စာသရဖူ ဘုန်းကြီးကျောင်း | သီလရှင် | | မြောက်ဥက္ကလာပ၊ ရန်ကုန် | ၀၆–၁၀–၀၇ |
| ၁၀၀ | ဒေါ်စိတ္တ | | သစ္စာသရဖူ ဘုန်းကြီးကျောင်း | သီလရှင် | | မြောက်ဥက္ကလာပ၊ ရန်ကုန် | ၀၆–၁၀–၀၇ |
| ၁၀၁ | ဒေါ်ဝဏ္ဏ | | သစ္စာသရဖူ ဘုန်းကြီးကျောင်း | သီလရှင် | | မြောက်ဥက္ကလာပ၊ ရန်ကုန် | ၀၆–၁၀–၀၇ |
| ၁၀၂ | ဒေါ်ဖြေးရီ | | သစ္စာသရဖူ ဘုန်းကြီးကျောင်း | သီလရှင် | | မြောက်ဥက္ကလာပ၊ ရန်ကုန် | ၀၆–၁၀–၀၇ |
| ၁၀၃ | ဒေါ်သဂီ | | သစ္စာသရဖူ ဘုန်းကြီးကျောင်း | သီလရှင် | | မြောက်ဥက္ကလာပ၊ ရန်ကုန် | ၀၆–၁၀–၀၇ |
| ၁၀၄ | ဒေါ်သီလ | | သစ္စာသရဖူ ဘုန်းကြီးကျောင်း | သီလရှင် | | မြောက်ဥက္ကလာပ၊ ရန်ကုန် | ၀၆–၁၀–၀၇ |
| ၁၀၅ | မဟာန်နီထွန်း | | | ၈၈–မျိုးဆက်ကျောင်းသား | | ရန်ကုန် | ၁၀–၁၀–၀၇ |
| ၁၀၆ | မသန္တာ | ၄၁ | မြဝတီ | | | အိမ်မိ ၊ ရောဝတီတိုင်း | ၁၀–၁၀–၀၇ |

မူရင်း။ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေး အဖွဲ့ (မြန်မာနိုင်ငံ) (www.aappb.org)

# အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အဖွဲ့ဝင် အဖွဲ့အစည်းများ

မြန်မာ့အမျိုးသမီးသမဂ္ဂ **(BWU)**

ကချင်အမျိုးသမီး အစည်းအရုံး (ထိုင်းနိုင်ငံ) **(KWAT)**

ကရင်အမျိုးသမီး အစည်းအရုံး **(KWO)**

ကရင်နီအမျိုးသမီး အစည်းအရုံး **(KNWO)**

ကူကီးအမျိုးသမီးဆိုင်ရာ လူ့အခွင့်အရေး အစည်းအရုံး **(KWHRO)**

လားဟူအမျိုးသမီး အစည်းအရုံး **(LWO)**

ပလောင်အမျိုးသမီး အစည်းအရုံး **(PWO)**

ပအိုဝ့်အမျိုးသမီး သမဂ္ဂ **(PWU)**

ရခိုင်အမျိုးသမီး သမဂ္ဂ **(RWU)**

ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှား ဆောင်ရွက်ရေးအသင်း
**(SWAN)**

ထားဝယ်အမျိုးသမီး သမဂ္ဂ **(TWU)**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာနှင့် အခွင့်အရေးများဆိုင်ရာအဖွဲ့
**(WRWAB)**

Women's League of Burma